# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၃၁)၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ၁၀-၄-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## ပြည်ထောင်စုဝန်ကြီး ၃၀ ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ

နေပြည်တော် ဧပြီ ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြု**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

စာမျက်နှာ ၅ သို့ ☆



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမှုကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစည်းအဝေးကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးကျင်းပပုံများကို MRTV Parliament Channel နှင့် MRTV Farmers Channel တို့မှ ပုံမှန်ထုတ်လွှင့်မှုအပြင် MRTV HD နှင့် MWD – HD၊ MWD Variety – HD တို့မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် ၊ ဧပြီ ၁၀ ရက် ၊ သောကြာနေ့။

## တန်ခူးချိန်ခါ ပျော်ရွှင်ဆင်နွှဲ မဟာသင်္ကြန်ပွဲတော်

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုဓလေ့များ ဖွံ့ဖြိုးစည်ပင်သော နိုင်ငံဖြစ်သည်။ ယဉ်ကျေးမှုဓလေ့နှင့်ဆက်နွှယ်၍လည်း တစ်ဆယ့်နှစ်လရာသီပွဲတော်များဖြင့် ပြည့်လျှမ်းနေသည်။ ရာသီပွဲတော်များသည်လည်း သူ့လနှင့် သူ့အလှများ ဝေဆာလျက်ရှိသည်။ မြန်မာတို့၏ အတာသင်္ကြန်ပွဲတော်သည် နှစ်ဦးတန်ခူးလတွင် ကျင်းပလေ့ရှိသည်။ သင်္ကြန်ဟူသည် ပါဠိစကားသင်္ကန္တတဖြစ်ပြီး ကူးပြောင်းခြင်းဟု ဆိုသည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် အချိန်အခါသမယလည်း ဖြစ်သည်။ အတာကူးသည့် တန်ခူးလအချိန်အခါသည် နွေရာသီအခါသမယလည်း ဖြစ်သည်။

"လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့၊ ခိုင်ရွှေဝါ" ဟူသော စာဆိုနှင့်အညီ သင်္ကြန်နှင့် ပိတောက် ပိတောက်နှင့် သင်္ကြန်သည် ခွဲခြားမရနိုင်သကဲ့သို့ ခါတော်မီသင်္ကြန်ချိန်တွင် ပင်ထက်၌ ဝင်းဝါအလှထူးစွာ ဖူးပွင့်နေသည်။ ပိတောက်ပန်းရနံ့တို့သည် သင်းပျံ့နေသည်မှာ သင်္ကြန်မောင်မယ်တို့၏ ရင်ကို အေးမြရွှင်လန်း စေသည်။ ထို့အပြင် အပူဒဏ်ကို မမှုသည့် ငု၊ ပိတောက်၊ စိန်ပန်း စသည့် ရောင်စုံပန်းကလေးများသည် နွေ၏ပန်းချီကားသဖွယ် အသက်ဝင်လှသည်။ အလားတူ သရဖီ၊ အင်ကြင်း၊ ကံ့ကော်ပန်းများကလည်း သင်္ကြန်မိုးနှင့်အတူ အစွမ်းကုန်နွေ၏အလှကို တန်ဆာဆင် လျက်ရှိသည်။

မြန်မာတို့သည် ရာသီအလိုက် ပွဲတော်များကို ယဉ်ကျေးမှုဓလေ့ထုံးစံမပျက် ပျော်ရွှင်မှုရသပေးစွမ်းနိုင်အောင်လည်း ဖန်တီးလေ့ရှိကြသည်။ နှစ်သစ်အခါသမယ တန်ခူးချိန်ခါတွင် သင်္ကြန်ပွဲတော်ကို ရှေးယခင် ကပိလဝတ်ပြည်သာကီဝင်မင်းများကစတင်ခဲ့ကြသည်။ မြန်မာမင်းများလက်ထက်တွင် ပုဂံပြည် နရသီဟပတေ့မင်းလက်ထက်တော်တွင် မြစ်ဆိပ်၌ တဲနန်းများ ဆောက်ကာ ရေကစားခဲ့ကြသည်။ တောင်ငူခေတ်တွင်လည်း သင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ကြသည်။ မင်းတုန်းမင်းလက်ထက်တွင် မင်းမိဖုရား၊ မင်းညီ၊ မင်းသားတို့နှင့်အတူ သင်္ကြန်ပွဲတော်ကို ကျင်းပခဲ့သည်။

သင်္ကြန်နှစ်ကူး အတာပွဲတော်တွင် မြန်မာတို့သည် သန့်စင်ကြည်လင်အေးမြသော သီတာရေစင်ဖြင့် ပက်ဖျန်းသွန်းလောင်းကြသည်။ ငွေဖလားတွင် နံ့သာထည့်ကာ သပြေခက်ဖြင့် ရှေးအစဉ်အလာမပျက် သိမ်မွေ့စွာ ပက်ဖျန်းသကဲ့သို့ ခေတ်နှင့်အညီ ရေကစားကြခြင်းဖြင့် နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်ကာ နှစ်သစ်တွင်အေးမြသည့် နိမိတ်ကောင်းများကို ရယူကြသည်။ အတာသင်္ကြန်သည် မြန်မာတို့၏ ရိုးရာပွဲတော် ပျော်ပွဲရွှင်ပွဲသက်သက်မဟုတ် ကောင်းမှုကုသိုလ်များပေါများသည့် နှစ်ဦးချိန်ခါလည်းဖြစ်သည်။ သဒ္ဓါတရားနှင့်ယှဉ်၍ ကုသိုလ်ရေးပါ ဆင်နွှဲကြသည်။ သင်္ကြန်တွင်း၌ အလှူဒါနအတွက် စုပေါင်းပါဝင်လှူရှားကာ ကုသိုလ်၊ကောင်းမှုများ ပြုကြသည်။

ထို့အပြင် နှစ်ဦးအခါသမယတွင် ဥပုသ်သီတင်းသီလဆောက်တည်၍ ကုသိုလ်ပွားများကာ ငါးလွှတ်ပွဲ၊ တိရစ္ဆာန်များ ဘေးမဲ့လွှတ်ပွဲများ ပြုလုပ်ကြပုံမှာ ပျော်ရွှင်ခြင်းနှင့်အတူ ယဉ်ကျေးခြင်းကိုလည်း ပြသနေသည့် မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ပင်ဖြစ်သည်။

သင်္ကြန်ပွဲတော်သည် ရေသဘင်ပွဲ ဆင်နွှဲရုံတစ်ခုတည်း မဟုတ်ဘဲ ဘာသာရေး၊ ယုံကြည်ကိုးကွယ်မှု၊ လူမှုရေးအစဉ်အလာဓလေ့များ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ရိုးရာဓလေ့များ၊ သဘာဝစကြဝဠာဆိုင်ရာ ဗဟုသုတစသည့် ဒြပ်မဲ့ယဉ်ကျေးမှုနယ်ပယ် (၅)ရပ်လုံးပါဝင်နေသည့် အလွန်လေးနက်အနှစ်သာရရှိသည့် ပွဲတော်လည်းဖြစ်သည်။ သင်္ကြန်၏ ရိုးရာမပျက်ကျင်းပပုံများကို မှတ်တမ်းတင်နိုင်အောင် ဆောင်ရွက်ခြင်းများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်းပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နှစ်သစ်အခါသမယ တန်ခူးချိန်ခါ ပျော်ရွှင်ဆင်နွှဲ မဟာသင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ စိတ်အညစ်အကြေးများကို သင်္ကြန်ရေအေးနှင့်အတူ ဆေးကြောသန့်စင်၍ နှစ်သစ်ကို လူသစ်စိတ်သစ်ဖြင့် ကြိုဆိုကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် (နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်)ကာလအတွင်း ယာဉ်မဝင်ရလမ်းနှင့် နှစ်လမ်းမောင်း သတ်မှတ်ချက်များ


(၁) **ယာဉ်မဝင်ရလမ်းသတ်မှတ်ခြင်း**

(က) ကျုံးအရှေ့ဘက်ခြမ်း ၆၆လမ်းအား (၁၂လမ်းမှ ၂၇လမ်းထိ) မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။

(ခ) ကျုံးတောင်ဘက်ခြမ်း ၂၆လမ်းအား (၆၅လမ်းမှ ၇၈လမ်းထိ) မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။

(ဂ) ကျုံးအနောက်ဘက်ခြမ်း လမ်း၈၀အား (၁၂လမ်းမှ ၂၆လမ်းထိ) (လမ်းအရှေ့ဘက်ခြမ်း/ကျုံးဘက်ခြမ်း)မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။

(ဃ) ကျုံးမြောက်ဘက်ခြမ်း ၁၂လမ်းအား (၆၆လမ်းမှ လမ်း၈၀ထိ) (လမ်းတောင်ဘက်ခြမ်း/ကျုံးဘက်ခြမ်း)မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။



(၂) **နှစ်လမ်းမောင်းခွင့်ပြုခြင်း**

(က) ကျုံးတောင်ဘက်ခြမ်း ၂၆လမ်း(၇၈လမ်းမှ လမ်း၈၀ထိ) (လမ်းတောင်ဘက်ခြမ်း)အား နှစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်။

(ခ) ကျုံးအနောက်ဘက်ခြမ်း လမ်း၈၀(၁၂လမ်းမှ ၂၆လမ်းထိ) (လမ်းအနောက်ဘက်ခြမ်း)အားနှစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်။

(ဂ) ကျုံးမြောက်ဘက်ခြမ်း ၁၂လမ်း(၆၆လမ်းမှ လမ်း၈၀ထိ) (လမ်းမြောက်ဘက်ခြမ်း)အား နှစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်။

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၉**

ဇေယျာသီရိခရိုင်နှင့် ဥတ္တရသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ပုဗ္ဗသီရိမြို့နယ်ရှိ ဇေယျာသီရိခရိုင် စုပေါင်းရုံး၌ ကျင်းပသည်။



ဦးစွာ ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇောနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဥတ္တရခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးသက်နောင်က မီးသတ်ဦးစီးဌာန၏ သမိုင်း၊ မီးသတ်ယာဉ်အမျိုးအစားများ၊ မီးသတ်ဦးစီးဌာန လုပ်ငန်းစဉ်များ၊ 191 Report Application အကြောင်း၊ မီးလောင်မှု ဖြစ်ပွားစေသည့် အကြောင်းအရာများ၊ မီးလောင်မှု အမျိုးအစားများ၊ လျှပ်စစ်ပစ္စည်းများ စနစ်တကျ သုံးစွဲခြင်းနှင့် လျှပ်စစ်မီးကြောင့် မီးလောင်မှု မဖြစ်ပေါ်စေရန် ရှောင်ရှားရမည့် အချက်များ၊ Solar တပ်ဆင်ရာတွင် လိုက်နာရမည့် အချက်များ၊ Lithium Battery ကြောင့် မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းအရာများ၊ အရေးပေါ်အခြေအနေတွင် လွတ်မြောက်နိုင်မည့် နည်းလမ်းများ၊ Fire Safety Management System အကြောင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံနည်းလမ်းများနှင့် ငလျင်ဘေး ဖြစ်ပွားပါက ရှောင်ရန်ဆောင်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာ ဝန်ထမ်းများက မီးဘေးအန္တရာယ် အပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ စားသုံးသူကာကွယ်ပေးရေးအသိပညာပေး TALK SHOW ပြုလုပ်

**အမရပူရ ဧပြီ ၉**

မန္တလေး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု Community Centre ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီခွဲက စားသုံးသူရေးရာ အသိပညာပေး Talk Show ကို ပြုလုပ်ခဲ့သည်။

အဆိုပါ စားသုံးသူရေးရာ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးမင်းက မေးမြန်းသူအဖြစ် ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ အမရပူရမြို့နယ်တာဝန်ခံ ဦးတင်ချစ်ကောင်းက ဖြေကြားသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ယနေ့ Talk Show တွင် စားသုံးသူအခွင့်အရေး(၈)ချက်၊ စားသုံးသူတာဝန်(၄)ချက်နှင့် တိုင်ကြားနိုင်သည့် နည်းလမ်းခုနစ်ခုတို့ကို ပြည်သူများ အသိပညာ ဗဟုသုတရရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော် မစ္စတာ မင်းအောင်လှိုင်

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ အရည်အချင်းပြည့်ဝလှသည့် ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စည်းလုံးမှုအားကောင်း၍ ဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးမြင့်တက်လာမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် မိမိတို့အကြား တွေ့ဆုံဆွေးနွေးမှုများကို ကောင်းစွာအမှတ်ရလျက်ရှိပြီး အဆွေတော်နှင့် ပုဂ္ဂိုလ်ရေး ထိတွေ့ဆက်ဆံခွင့်ရရှိသည့်အတွက် စိတ်ရင်းဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

အဆွေတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်၍ တိုးတက်ကောင်းမွန်လာစေရန်အတွက် ခိုင်မာသော အုတ်မြစ်တစ်ခုဖြစ်သည်ဟု မိမိယုံကြည်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ခိုင်မာသောဆက်ဆံရေးသည် ကာလရှည်ကြာတည်တံ့ခဲ့ပြီး နက်ရှိုင်းသော အနာဂတ်ကိုလည်း ပိုင်ဆိုင်ထားပါသည်။

အဆွေတော်အား ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆာဂေး ရှွိုင်းဂူ
ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အဆွေတော်အား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားအပ်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်ကို ဦးဆောင်ရာတွင် ပေးအပ်လာသည့် တာဝန်ဝတ္တရား အဝဝကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များကိုလည်း ပြည့်ဝစွာ ဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ သာယာဝပြောရေးကို ရှေးရှုသည့် မဟာဗျူဟာမြောက် စီမံကိန်းများကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း စိတ်ရင်းစေတနာအပြည့်ဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ယခုအခါသမယတွင် ရုရှား-မြန်မာဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန်အတွက် တာတာစတန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် အလေးအနက် စိတ်အားထက်သန်လျက်ရှိပါကြောင်း ထပ်လောင်းအတည်ပြုပြောကြားအပ်ပါသည်။

လေးစားစွာဖြင့်

ရုစတမ် မီနီခါနော့ဗ်
တာတာစတန်ပြည်နယ်အကြီးအကဲ

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါ်ရက်ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါ်ရက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် စိန့်ပီတာစဘတ်အစိုးရအဖွဲ့နှင့် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

ဉာဏ်အမြော်အမြင်ကြီးမားသည့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သိသာထင်ရှားသော ကောင်းကျိုးပြုမှုများကို ဆောင်ရွက်ခဲ့ပါသည်။

ယခု ရွေးကောက်တင်မြှောက်ခံရမှုသည် အဆွေတော်၏ အောင်မြင်မှုများအပေါ် ယုံကြည်အားထားမှုနှင့် လေးစားမှုကို ထင်ရှားစေလျက်ရှိပါသည်။ မြန်မာပြည်သူများအကျိုးကို တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်များအတွင်း ထူးချွန်ပြောင်မြောက်သည့် ကျွမ်းကျင်မှု၊ ကြံ့ခိုင်သည့်စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုတို့ကို ပြသခဲ့ပါသည်။

ရုရှားနိုင်ငံနှင့် အဆွေတော်၏ သာယာလှပသောနိုင်ငံတို့အကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို စိန့်ပီတာစဘတ်အနေဖြင့် ဂုဏ်ယူလျက်ရှိပါသည်။ အထူးသဖြင့် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းစေရန် အဆွေတော်၏ အာရုံစိုက်ကြိုးပမ်းဆောင်ရွက်မှုကို မိမိတို့အလွန်တန်ဖိုးထားပါသည်။ နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားကိုရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်နှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန်တူညီဆန္ဒမှာ အနာဂတ်အောင်မြင်မှုများအတွက် အာမခံတစ်ခုဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရယ်ဂန်းနီး ဂရီဂေါ်ရက်ဗ်

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်

သမ္မတကြီးခင်ဗျား

သမ္မတကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန် ကျွန်တော့်အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်အတွက် ယခုကဲ့သို့ အရေးကြီးသောအချိန်အခါသမယတွင် သမ္မတကြီးအား ရွေးကောက်တင်မြှောက်လိုက်ခြင်းသည် သမ္မတကြီး၏ ဦးဆောင်မှုအပေါ် ယုံကြည်အလေးထားမှုကို ထင်ဟပ်စေပါသည်။ သမ္မတကြီး၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသည် ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကျွန်တော် အခိုင်အမာယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် မြန်မာနိုင်ငံနှင့် အိုက်စလန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းရရှိစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ကျွန်တော်၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။

သမ္မတကြီးအား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ယခုလို အရေးကြီးသော တာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားမှုဖြင့်

ကိုကိုလတ်
မြန်မာနိုင်ငံဆိုင်ရာ
အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း/အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၉

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံတည်ဆောက်ရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း(နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါကြောင်း၊ ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှ ကင်းဝေးပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီး**
**လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးနှင့်**
**ဘက်စုံတည်ဆောက်ရေးအဖွဲ့**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်**

နိုင်ငံတော်သမ္မတရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများအရ ရွေးချယ်ခန့်အပ်ခံရသော နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ(၂) နန်းနီနီအေးတို့အား နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဦးစွာတင်ပြအပ်ပါ သည်။

ကျွန်ုပ်တို့ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းအနေဖြင့် သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါသည်။

ထို့အပြင် နိုင်ငံတော်၏စီးပွားရေးတိုးတက်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတွင် အသင်းအနေဖြင့် အစိုးရနှင့်ပူးပေါင်းကာ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်မည့် အစိုးရအဖွဲ့အသစ်အား ကျန်းမာ၊ ချမ်းသာပြီး နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးအတွက် အောင်မြင်စွာ ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါ သည်။

**ဥက္ကဋ္ဌ**
**အသေးစား၊ အငယ်စားနှင့်အလတ်စား**
**စီးပွားရေးလုပ်ငန်းရှင်များအသင်း**
**နေပြည်တော်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန် အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှ ကင်းဝေးပါစေ၊ တရားထူး တရားမြတ် ကျင့်ကြံအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ**

# ဦးညိုစော အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော်၊ ဧပြီ ၉

ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်

အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယသမ္မတအဖြစ် အဆွေတော်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံကိုယ်စားနှင့် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အခွင့်ကြုံခိုက် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် အပြန်အလှန်ဖေးမမှုတို့ကို အခြေခံပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် မြန်မာ-ဘယ်လာရုစ် ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်သွားရန် ကတိကဝတ်ကို မိမိအနေဖြင့် ထပ်လောင်းအတည်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ အဆင့်မြင့်တွေ့ဆုံမှုများတွင် ရရှိခဲ့သည့်သဘောတူညီမှုများကို အကောင်အထည်ဖော်ရန်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် သဘောတူလက်ခံခဲ့သည့် ဒုတိယအကြိမ်မြောက် ဘယ်လာရုစ်-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဦးစားပေးကိစ္စရပ်များအဖြစ် အကောင်အထည်ဖော်သွားရန်ဖြစ်ပါသည်။

နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဘယ်လာရုစ်နှင့် မြန်မာအစိုးရများအကြား ထိတွေ့မှုများ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလက်ဇန္ဒား တာချင်း

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

☆ ရှေ့ဖုံးမှ

**ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးအောင်ဇော်သိန်း၊ ဦးဉာဏ်ထွန်း၊ ဦးမျိုးတင့်၊ ဦးကျော်ဆန်း၊ ဦးတူးမော်၊ ဒေါ်စုစုဝင်း၊ ဒေါ်ဥမ္မာအေး၊ ဦးတင့်ဝေနှင့် ဒေါက်တာမာလာမော်တို့ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီး ၃၀ ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးခင်မောင်ရီ၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်အောင်စန်း၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ကံဇော်၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ ဒေါက်တာသီတာဦး၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးရဲမြင့်ထွန်း၊ ဒေါက်တာမောင်သင်း၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် ဦးမောင်မြင့်တို့ကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

**ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူ**

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရှစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်နှင့် ဒေါ်သင်းသင်းချိုတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

**ဒေါက်တာခင်နိုင်ဦးကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဒေါက်တာခင်နိုင်ဦး၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါက်တာစန္ဒာဦး၊ ဒေါက်တာရီအေး၊ ဦးတင်မြင့်၊ ဒေါက်တာလှညွန့်၊ ဒေါက်တာဇော်ဦးနှင့် ဒေါက်တာဖြူဖြူအိတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဒေါက်တာခင်နိုင်ဦးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦးတို့ကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

**ဦးစိုးသိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ**

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးစိုးသိန်း၊ ဦးကျော်ဝင်းသိန်း၊ ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒေါက်တာထွန်းထွန်းဦး၊ ဦးလွန်းဘော်၊ ဦးကျော်စိုးညွန့်၊ ဦးတိုးရီ၊ ဦးတင်အောင်ဝင်းနှင့် ဦးမင်းဟန်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးစိုးသိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို ဧပြီ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ အဖွဲ့ဝင်များအဖြစ် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး (ခ) တက္ကသိုလ်မေသူ၊ ဆိတ်ကြီး/ ခနောင်တို မဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ စိုင်းဝန်းဆမ်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါ်နန်းကျင်း (ခ) နန်းစိန်၊ ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ဇင်ပပဦး၊ ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခိုင်ဝင်းအောင်၊ ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ကျိန်ငိုက်မန်၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမြိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မြင့်သောင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေတို့ဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို ဧပြီ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁) အဖြစ် ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၊ အဖွဲ့ဝင်များအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချစ်ဝေ၊ ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ဇော်မြင့်၊ ကရင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ခွန်ဝင်းဦး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် စိုးညွန့်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဖြိုးမင်းဝင်းတို့ဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန် အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကို ဧပြီ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။ **သတင်းစဉ်**




# နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၉

ဧပြီ ၁၀ ရက်တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားသို့တက်ရောက်မည့် ပြည်ပနိုင်ငံအစိုးရကိုယ်စားလှယ်များသည် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ယနေ့ညနေပိုင်းတွင် ရောက်ရှိကြသည်။ ယင်းကိုယ်စားလှယ်များအား နေပြည်တော်တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး မေ ၉**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပုသိမ်ကြီးမြို့နယ်အသင်းနှင့် မိတ္ထီလာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး မိတ္ထီလာမြို့နယ်အသင်းက ပုသိမ်ကြီးမြို့နယ်အသင်းကို လေးဂိုး သုံးဂိုး ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများကို ချီးမြှင့်ခဲ့ရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားအကောင်းဆုံးဆုရ အားကစားသမားများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ၊ တတိယဆုရရှိသည့် သာစည်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ၊ ဒုတိယဆုရရှိသည့် ပုသိမ်ကြီးမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ၊ ပထမဆုရရှိသည့် မိတ္ထီလာမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ချီးမြှင့်ပေးခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မိတ္ထီလာမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် Digital Education Training For Staff သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**မန္တလေး မေ ၉**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ အရည်အသွေးမြှင့်မားရေးအတွက် Digital Education Training For Staff သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အဖွင့်အမှာစကားပြောကြားပြီးနောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာ)တို့က မေ ၂ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ကာလအတွင်း Digital Education Training for Staff သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

❖ စာမျက်နှာ ၂၄ မှ

ဧရာဝတီတိုင်းဒေသကြီးသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြည်တွင်း၊ ပြည်ပ ခရီးသွား ၁၉ သိန်းကျော်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ခရီးသွား ၁၅ သိန်းကျော်နှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ် ၃၁ ရက်အထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၆၉၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကာ အထူးသဖြင့် ယခုနှစ်ဆန်းပိုင်း၌ ငွေဆောင်ကမ်းခြေသို့ ခရီးသွား ၂၂၀၀၀၀ ကျော်နှင့် ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေသို့ ခရီးသွား ၁၆၀၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ယခုနှစ်သည် ယမန်နှစ်ထက် ခရီးသွားပိုမိုဝင်ရောက်ဖွယ်ရှိကြောင်း ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက ခန့်မှန်းထားသည်။

"ယခုလာမယ့် သင်္ကြန်ပိတ်ရက် ပင်လယ်ကမ်းခြေမှာ အပန်းဖြေကြမယ့် ခရီးသွားတွေကို ငွေဆောင်၊ ချောင်းသာဟိုတယ်များက အကောင်းဆုံးဝန်ဆောင်မှုတွေနဲ့ စောင့်ဆိုင်းနေကြပါတယ်။ ကျွန်တော်တို့ဌာနကလည်း ကြိုတင်ပြီး ဟိုတယ်တွေကို သင်တန်းတွေပေးထားပြီးပါပြီ။ ပင်လယ်ကမ်းခြေသန့်ရှင်းသာယာလှပပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံးပူးပေါင်းဆောင်ရွက်နေပါတယ်။ သင်္ကြန်ကာလမှာ အပန်းဖြေဖို့အတွက် ဟိုတယ်၊ တည်းခိုခန်း ၇၅ ရာခိုင်နှုန်းနီးပါး ပြည့်နေပါပြီ။ မြန်မာ့နှစ်သစ်ကူးပိတ်ရက်၊ ပင်လယ်ကမ်းခြေမှာ စိတ်အေးချမ်းစွာ အပန်းဖြေအနားယူဖို့နဲ့ သင်္ကြန်ကာလ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ သာကူနဲ့ အခြားသင်္ကြန်အစားအစာ စတုဒိသာများနဲ့ဧည့်ခံဖို့ ဟိုတယ်နဲ့တည်းခိုခန်းများက ပြင်ဆင်ထားကြပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။

ယမန်နှစ် သင်္ကြန်ကာလတွင် ငွေဆောင်၊ ချောင်းသာ၊ ရွှေသောင်ယံနှင့် ဂေါ်ရင်ဂျီကမ်းခြေသို့ အပန်းဖြေခရီးသွားများ စည်ကားစွာ ဝင်ရောက်ခဲ့ပြီး ယခုနှစ်သင်္ကြန်ကာလတွင်လည်း ပင်လယ်ကမ်းခြေတို့တွင် အပန်းဖြေအနားယူကြမည့် ခရီးသွားများ ဟိုတယ်နှင့်တည်းခိုခန်း ၇၅ ရာခိုင်နှုန်းခန့်ကို ကြိုတင်မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်း ဥဿ၊ ဓာတ်ပုံ-ကိုလွင်**

## နွေစပါးစိုက်တောင်သူများအား ပြည်ထောင်စုရန်ပုံငွေဖြင့် သွင်းအားစု ထောက်ပံ့ပေးအပ်

**အမရပူရ မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စုရှိ အဆင့်မြင့်လယ်ယာဇေ ၁၅၀ ကွင်း အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၈ နာရီက နွေစပါးစိုက်တောင်သူများအား အဆင်ပြေချောမွေ့စေရန် ပြည်ထောင်စုရန်ပုံငွေဖြင့် ဧက ၂၃၀၀ အတွက် ကွန်ပေါင်းဓာတ်မြေသြဇာ ၂၃၀၀ အိတ်နှင့် ယူရီးယားဓာတ်မြေသြဇာ ၂၃၀၀ အိတ် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး(ပြည်ထောင်စု)အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ရည်ရွယ်ချက်များ၊ SOP လုပ်ထုံးလုပ်နည်းအတိုင်း အကျိုးရှိရှိ အသုံးချသွားရန် ပြောကြားခဲ့ပြီး ဓာတ်မြေသြဇာများကို တောင်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နီလာသန်းနှင့်မန္တလေးခရိုင်ဦးစီးမှူး ဦးရဲမင်းသောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် စိုက်ညှိအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးလှိုင်နှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ကုမ္ပဏီဝန်ထမ်းများနှင့်တောင်သူ ၉၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**စိုးသီဟ(အမရ)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Kim Namjoon @ RM ကြောင့် BTS ဖြစ်လာ



K Pop အဖွဲ့ BTS အဖြစ် နှစ်များစွာကြာ ရပ်တည်နိုင်ခဲ့ခြင်းမှာ ခေါင်းဆောင်ကောင်း RM (ခေါ်) Kim Namjoon ကြောင့် ဖြစ်ကြောင်း Big Hit PD က ပြောကြားခဲ့သည်ဟု ဆွန်ပီ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

RM (ခေါ်) Kim Namjoon သည် ဂီတကို ရူးသွပ်ခဲ့ပြီး အသက် ၁၅ နှစ်နှင့် မြေအောက် Rap လောကတွင် ကျင်လည်ရာမှ Big Hit PD က သဘောကျ ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။ RM ပြီးမှ အဖွဲ့ဝင်များ ဝင်လာကာ အဖွဲ့ဝင်များ၏ အခက်အခဲကို ခါးစည်းခံပေးခဲ့သူလည်း ဖြစ်သည်။

အဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင်သူမှာ သေးငယ်သည့် ကိစ္စမှစ၍ ကြီးမားသည့် ကိစ္စအထိ တာဝန်ယူထားရကာ အဆိုတော်၊ တေးရေး၊ ထုတ်လုပ်သူဖြစ်ရုံသာမက အဖွဲ့ဝင်များအတွက် လမ်းညွှန်ပေးခဲ့သူမှာ RM ဖြစ်သည်။ Big Hit မှ Bang PD က RM သာမရှိလျှင် BTS လည်း ရှိလာမည်မဟုတ်ဟု ပြောကြားထားသည်။

IQ 148 ရှိသော RM သည် ခေါင်းဆောင်ကောင်းဖြစ်ရုံသာမက BTS ဆိုသည့် အပင်ကြီးထွားလာရန် မျိုးစေ့၊ BTS ၏ အိမ်ခေါင်မိုး၊ အဖွဲ့ဝင်များ၏ လေးစားချစ်ခင်ရသူတစ်ဦး ဖြစ်သည်။ (SKY)



## ကင်မ်ချီတွင်ပါဝင်သော ဘက်တီးရီးယားများက ကိုယ်တွင်း ပလတ်စတစ်မှုန်များကို ဖယ်ရှားပေးနိုင်

တောင်ကိုရီးယားအခြေစိုက် ကမ္ဘာ့ကင်မ်ချီသုတေသနဌာနမှ သုတေသီများသည် ကင်မ်ချီတွင်ပါဝင်သော ဘက်တီးရီးယားများသည် အူလမ်းကြောင်းအတွင်းရှိ ပလတ်စတစ်မှုန်များကို တွယ်ကပ်နိုင်စွမ်းရှိပြီး ယင်းအမှုန်များ ခန္ဓာကိုယ်အတွင်း မပျံ့နှံ့မီ ပြင်ပသို့ စွန့်ထုတ်နိုင်ရန် အထောက်အကူပြုနိုင်ကြောင်း မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

ဒေါက်တာဆေဟီလီနှင့် ဒေါက်တာတေဟုန်ဝူးတို့ ဦးဆောင်သော သုတေသနအဖွဲ့သည် ကင်မ်ချီမှရရှိသော လက်တစ်အက်ဆစ် ဘက်တီးရီးယားတစ်မျိုးက ထိုနာနိုပလတ်စတစ်မှုန်များအပေါ် မည်မျှအထိ တွယ်ကပ်နိုင်စွမ်းရှိသည်ကို စမ်းသပ်လေ့လာခဲ့ကြသည်။

ဓာတ်ခွဲခန်း ကြွက်များဖြင့်လည်း ဆက်လက်စမ်းသပ်ခဲ့ရာ ပရိုဘိုင်အိုတစ် မတိုက်ကျွေးထားသော ကြွက်များနှင့် နှိုင်းယှဉ်ပါက အဆိုပါဘက်တီးရီးယားမျိုးစိတ် တိုက်ကျွေးထားသော အထီးနှင့် အမ ကြွက်နှစ်မျိုးလုံး၏ မစင်တွင် နာနိုပလတ်စတစ်ပါဝင်မှုနှုန်းမှာ နှစ်ဆကျော် ပိုမိုများပြားနေကြောင်း တွေ့ရှိခဲ့ရသည်။

အဆိုပါတွေ့ရှိချက်အရ ထိုပရိုဘိုင်အိုတစ်များသည် အူလမ်းကြောင်းအတွင်းရှိ နာနိုပလတ်စတစ်များကို တွယ်ကပ်စုပ်ယူပြီး ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ရာတွင် ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## Wang Yibo မခံချင်စိတ်နှင့် အောင်မြင်မှုကို အရယူ

တရုတ်စွယ်စုံရ အနုပညာရှင် Wang Yibo သည် မရှုံးလိုသည့် ခံနိုင်ရည်နှင့် ဖွဲ့သတ္တိရှိပြီး မခံချင်စိတ်နှင့် အောင်မြင်မှုကို အရယူခဲ့ကြောင်း ကျောက်ဆောင်တက်ခြင်းနှင့် သက်သေပြခဲ့သည်ဟု ဗီန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Wang Yibo ပါဝင်သည့် Exploring the Unknown အစီအစဉ်တွင် ပထမဆုံးအကြိမ် လမ်းကြောင်းဖောက်၍ ပင်လယ်ထဲမှ ကျောက်ဆောင်တောင်တက်ခြင်း ပြုလုပ်ခဲ့ရာ အကြိမ်ကြိမ် ပြုတ်ကျခဲ့သော်လည်း ပန်းတိုင်မရောက်မချင်း မရပ်နားဟု ဆုံးဖြတ်ထားသောစိတ်၊ မခံချင်စိတ်များနှင့် နောက်ဆုံးတွင် ကျောက်ဆောင်ထိပ်သို့ ရောက်ရှိ၍ ပင်လယ်ထဲသို့ ပျော်ရွှင်စွာ ခုန်ဆင်းနိုင်ခဲ့သည်။

ရာသီဥတု ကြည်လင်လာပြီး လှေပေါ်တွင် ဖျံတစ်ကောင်၊ ဝေလငါးတစ်ကောင်နှင့်ပါ အလုပ်လုပ်ခဲ့ပြီး သဘာဝတရား ကိုယ်တိုင်က သူ့ကို ချစ်ခင်ကြောင်း ပြသခဲ့သည်ဟု ပြောကြားထားသည်။ (SKY)





## Lee Seung Gi ကို အနုပညာထူးချွန်သူအဖြစ် သတ်မှတ်

တောင်ကိုရီးယားအနုပညာရှင် Lee Seung Gi သည် အနုပညာလောကတွင် အောင်မြင်မှုများစွာနှင့် (Triple Threat) အဆိုတော်၊ သရုပ်ဆောင်၊ အစီအစဉ်တင်ဆက်သူတို့နှင့် လူသိများ၍ အနုပညာထူးချွန်သူအဖြစ် သတ်မှတ်ခံရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lee Seung Gi သည် ၂၀၀၄ ခုနှစ်တွင် အဆိုတော်နှင့် ပွဲဦးထွက်ခဲ့ပြီး Because You're My Woman သီချင်းနှင့် နိုင်ငံ့အချစ်တော်ဖြစ်ခဲ့ကာ ရုပ်သံနှင့် ရုပ်ရှင်ကားများစွာတွင် ပါဝင်၍ Brilliant Legacy နှင့် ထိပ်တန်းစာရင်းဝင်ဖြစ်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် မင်းသမီး Lee Da In နှင့် လက်ထပ်ခဲ့ပြီး သမီးတစ်ဦးရရှိထားကာ ပညာရေး ထူးချွန်၍ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သဖြင့် Naiton's Son In Law တစ်နိုင်ငံလုံး၏ သမက်ဟု တင်စားခဲ့ကြသည်။

ဖျော်ဖြေရေးအစီအစဉ်များတွင်လည်း သူ၏စကားပြောထူးချွန်မှုနှင့်အတူ အောင်မြင်ခဲ့သော အစီအစဉ်များစွာရှိခဲ့၍ အနုပညာထူးချွန်သူ၊ နိုင်ငံ့အချစ်တော်၊ တစ်နိုင်ငံလုံး၏ သမက်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ (SKY)

## Arijit Singh ဂီတကို ရပ်နားလိုက်ပြီ

ဘောလိဝုဒ် အနုပညာရှင် Arijit Singh သည် ရုပ်ရှင်သီချင်းများစွာနှင့် ကျော်ကြားခဲ့သူဖြစ်ပြီး ဂီတကို ရပ်နားလိုက်ခြင်းအတွက် ပရိသတ်ကြား နှမြောတသ ဖြစ်နေကြကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘောလိဝုဒ် အနုပညာရှင်များစွာအတွက် နောက်ခံရုပ်ရှင်သီချင်း သီဆိုပေးခဲ့သူဖြစ်ပြီး သူ၏ အကောင်းဆုံးသီချင်းတွင် Janam Janam, Tum Hi Ho, Gerua, Channa Mereya နှင့် HamariAdhuri Kahani တို့မှာ ကျော်ကြားခဲ့သည်။



ဘောလိဝုဒ် အနုပညာရှင်များအတွက် နောက်ခံသီချင်းသီဆိုပေးခဲ့သူ ဇာတ်ရှိန်မြင့်မားလာရန် ဂီတနှင့် ပံ့ပိုးပေးသူ၊ အနုပညာလောကအတွက် မရှိမဖြစ်သူ Arijit Singh က ဂီတကို ရပ်နားလိုက်၍ နှမြောတသ ဖြစ်နေကြသည်။

Arijit Singh ဘဝတွင် ဂီတခရီးလမ်းကို ဆက်လက်လျှောက်လှမ်းလိုသော်လည်း အကြောင်းကြောင်းကြောင့် ရပ်နားခဲ့ခြင်းဖြစ်သည်ဟု Interview တစ်ခုတွင် ပြောကြားခဲ့သည်။ (SKY)

## Lady Gaga က A Star is Born နှင့် သရုပ်ဆောင်ဖြစ်

ကမ္ဘာကျော် အဆိုတော် Lady Gaga က A Star is Born ရုပ်ရှင်တွင် သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပြီး အော်စကာတွင် အမျိုးသမီးဇာတ်ဆောင်ဆုဆန်ခါတင်ဝင်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ဒါရိုက်တာ၊ မင်းသား Bradley Cooper က အားလုံးကို အတိုက်အခံလုပ်၍ Lady Gaga ကို ခေါင်းဆောင်မင်းသမီး တင်ရိုက်ခဲ့ရာမှ အော်စကာ ဆန်ခါတင် ဝင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရုပ်ရှင် နယ်လှည့်ပရိုမိုးရှင်းလုပ်စဉ်က Interview တိုင်းတွင် Lady Gaga က အခန်းတစ်ခုထဲရှိ လူ ၁၀၀ တွင် ၉၉ ဦးက ယုံကြည်မှုမရှိဘဲ တစ်ဦးတည်းသာ ယုံကြည်ပါက ဆက်ပြီးကြိုးစားရန် လုံလောက်သည်ဟု ပြောခဲ့သည်။

Lady Gaga သည် Shallow အတွက် အော်စကာဆုရစဉ်က သူရသည့်ဆုသည် အောင်နိုင်ခြင်းကရသည့် ဆုမဟုတ်၊ အရှုံးမပေးခြင်း၊ ထွက်မပြေးခြင်း၏ သင်္ကေတဖြစ်သည်ဟု ခွန်အားရစေသည့်စကား ပြောကြားခဲ့၍ ပရိသတ်များ အားပေးမဆုံးဖြစ်ခဲ့ကြသည်။ (SKY)

## အလုပ်ကြိုးစားပြီး အချိန်လေးစားသည့် Ariana Grande

ဟောလိဝုဒ် နာမည်ကျော် အနုပညာရှင် Ariana Grande သည် ရိုက်ကွင်းပေါ်တွင် အလုပ်ကြိုးစားပြီး အချိန်လေးစားသူဖြစ်၍ ချီးကျူးစကားများ ရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိုက်ကွင်းအစ ရှစ်နာရီဆိုလျှင် ရှစ်နာရီအရောက်လာကာ အနုပညာရှင်များအကြိုက်ကို ပြင်ဆင်ပေးတတ်သူ၊ အလုပ်ကြိုးစားသူတစ်ဦးဟု အနုပညာအသိုင်းအဝိုင်းတွင် ချီးကျူးခံရသူ ဖြစ်သည်။

Ariana Grande သည် သူ့လက်ထောက်ကို သီးသန့်ပြင်ဆင်ခိုင်းထားပြီး သီချင်း၊ အကတိုက်လျှင်ပါသလား၊ Rehearsal အခန်းပါသလားဟု အရင်မေးကာ မပါသေးလျှင် လက်ထောက်ကို မွေ့ရာယူခိုင်းပြီး ထောင့်တစ်နေရာတွင် ပြင်ထားသည်များ ပျက်မည်စိုး၍ ပက်လက်လှဲနေတတ်သည်။ တစ်ပေခွဲအရှည်ပိုက်နှင့် ရေသောက်ရာ သူ့အခန်းပါမှထ၍ ရိုက်ကူးရေးလုပ်ပြီး ကျန်အချိန်တွင် လှဲ၍ စောင့်နေတတ်သဖြင့် အလုပ်ကြိုးစားပြီး အချိန်လေးစားသူဟု ချီးကျူးခဲ့ကြသည်။ (SKY)



# အမေရိကန်နှင့် အီရန်တို့အကြား ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိ




**တီဟီရန် ဧပြီ ၉**

ဟော်မုဇ်ရေလက်ကြားကို ပြန်ဖွင့်ရန် သမ္မတထရမ့်၏ နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ နာရီပိုင်းအလိုတွင် အမေရိကန်နှင့် အီရန်တို့အကြား ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ယမန်နေ့က ရရှိခဲ့သည်။

အစ္စရေးက အီရန်အပေါ် တိုက်ခိုက်မှုများကို ရပ်တန့်ထားကြောင်း ပြောကြားသော်လည်း လက်ဘနွန်ကို လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားသည်။ ဘာရိန်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ကူဝိတ်နိုင်ငံအပါအဝင် ပင်လယ်ကွေ့နိုင်ငံများနှင့် အီရန်နိုင်ငံရှိ ရေနံစက်ရုံနေရာများတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း ယမန်နေ့နံနက်ပိုင်းတွင် အီရန်က သတင်းထုတ်ပြန်ခဲ့သည်။

အရှေ့အလယ်ပိုင်း၌ စစ်မက်ဖြစ်ပွားမှု ငါးပတ်တာကာလအတွင်း စီးပွားရေးထိခိုက်မှုများ ရှိခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေးကြောင့် ယမန်နေ့နံနက်တွင် ရေနံဈေးနှုန်းကျဆင်းပြီး စတော့ရှယ်ယာတန်ဖိုးများ မြင့်တက်လာခဲ့သည်။

အီရန်၏ ငြိမ်းချမ်းရေး အဆိုပြုချက် ၁၀ ချက်သည် ပိုမိုပြည့်စုံသော အလားအလာရှိသည့် ရေရှည်အပစ်အခတ်ရပ်စဲရေးအတွက် အဓိကဖြစ်သည်။ အဆိုပါကိစ္စရပ်များကို ဧပြီ ၁၁ ရက်တွင် စတင်ဆွေးနွေးမည်ဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းပေးလျက်ရှိသည့် ပါကစ္စတန်နိုင်ငံက ပြောကြားသည်။

အရှေ့အလယ်ပိုင်းစစ်ပွဲများကြောင့် ၃၄၀၀ ကျော် သေဆုံးခဲ့ရာ လက်ဘနွန်တွင် လူပေါင်း ၁၅၀၀ ကျော် သေဆုံးခဲ့ပြီး အစ္စရေးတွင် ၂၃ ဦး သေဆုံးခဲ့သည်။

အီရန်အာဏာပိုင်များက သေဆုံးသူအရေအတွက်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း အမေရိကန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ HRANA က အရပ်သား ၁၆၀၀ ကျော်အပါအဝင် စုစုပေါင်း သေဆုံးသူ ၃၄၀၀ နီးပါးရှိကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အမေရိကန် တပ်မတော်သား ၁၅ ဦး သေဆုံးကြောင်း သိရသည်။ **ကိုးကား – အင်န်ဘီစီနယူးစ်**

**ဘာသာပြန် – အောင်ကျော်ကျော်**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နွေဦးရာသီ၏နိမိတ်ဆောင်ဖြစ်သော ဂျပန်ချယ်ရီပန်းများ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မကြာမီပင် ပျံ့နှံ့သွားခဲ့



**တိုကျို ဧပြီ ၉**

ဂျပန်နိုင်ငံ၏ ဆီးနှင်းများဖုံးလွှမ်းနေသော ဖူဂျီတောင်ကြီးအား အနီရောင်စေတီငယ်တစ်ဆူနှင့်အတူ နွေဦးရာသီ၏နိမိတ်ဆောင်ဖြစ်သော သက်တမ်းတိုတောင်းလှသည့် ချယ်ရီပန်းများကြားတွင် မြင်တွေ့ရသည့် သာယာလှပသော မြင်ကွင်းများသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မကြာမီပင် ပျံ့နှံ့သွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မြင်ကွင်းမျိုးကို ကိုယ်တိုင်ရိုက်ကူးလိုကြသည့် ခရီးသွားများသည် တောင်ခြေရှိ အေးချမ်းလှသော ဤမြို့ငယ်လေးအတွင်းသို့ မကြာမီပင် ပြည့်နှက်ဝင်ရောက်လာခဲ့ကြသည်။

ယဉ်ကျေးမှုမရှိသော နိုင်ငံခြားသားများနှင့် အိမ်ရှေ့ဝင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ကြသည့် ခရီးသွားများအပေါ် မကျေနပ်မှုများယခင်က ထွက်ပေါ်လာခဲ့ဖူးသည်။

အခြေအနေများ ဆိုးရွားလာသောကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုက ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် စတင်ခဲ့သည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ချယ်ရီပန်းပွဲတော်ကို ယခုနှစ်တွင် ဖျက်သိမ်းမည်ဟု ဖူဂျီယိုရှီဒါမြို့ တာဝန်ရှိသူများက ဖေဖော်ဝါရီလအတွင်း ကြေညာခဲ့ကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံ ချင်ဟူ အမျိုးသား ရေဝပ်ဒေသပန်းခြံ၌ ၂၀၂၆ ခုနှစ် ချင်ထုံ လှေပွဲတော် ခမ်းနားထည်ဝါစွာ ကျင်းပ

**ပေကျင်း ဧပြီ ၉**

၂၀၂၆ ခုနှစ် ချင်ထုံ လှေပွဲတော်ကို တရုတ်နိုင်ငံ ထိုက်ကျိုးမြို့၊ ကျန်းယန်ခရိုင်ရှိ ချင်ဟူ အမျိုးသား ရေဝပ်ဒေသပန်းခြံ၌ ယမန်နေ့က ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံး ရေပေါ်ဘုရားပွဲတော်အဖြစ် တင်စားခေါ်ဝေါ်ကြသည့် အဆိုပါပွဲတော်တွင် ဝါးလုံးရှည်များနှင့် တက်များကို ကိုင်ဆောင်ထားသည့် လှေလှော်ခတ်သူ ထောင်ပေါင်းများစွာနှင့် လှေအစင်းရေ ၅၀၀ ကျော်တို့သည် ရေကန်ပြင်ထက်၌ စုံညီစွာ လှော်ခတ်ပြသခဲ့ကြသည်။

လှေလှော်ပွဲ စတင်သည်နှင့်တစ်ပြိုင်နက် ထူးခြားသော အသွင်သဏ္ဌာန်ကိုယ်စီရှိကြသည့် ဂုဏ်ပြုလှေခုနစ်စင်း ပွဲကြည့်စင်ရှေ့မှ ဖြည်းညင်းစွာ ဖြတ်သန်းသွားကြသည်။

ယင်းနောက်တွင် ရည်မှန်းချက်ကြီးမားခြင်းကို ကိုယ်စားပြုသည့် မြင်းနှစ် သင်္ကေတဖြင့် ဖန်တီးထားသော လှေက လိုက်ပါလာခဲ့ကြောင်း သိရသည်။ **Mon**



## နှစ်နိုင်ငံအကြား ဆက်ဆံရေးများ ဆက်လက်တိုးမြှင့်ရန်အတွက် ဗီယက်နမ်သမ္မတတိုလမ် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည်



**ဟနွိုင်း ဧပြီ ၉**

ဗီယက်နမ်သမ္မတ တိုလမ်သည် တရုတ်နှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား ဆက်ဆံရေးများ ဆက်လက်တိုးမြှင့်ရန်အတွက် လာမည့်သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်ရာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတော်သမ္မတနှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်၏ စီးပွားရေးအရအရေးပါပြီး ပိုမိုကြီးမားသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ သွားရောက်မည့် အဆိုပါခရီးစဉ်ကို ဧပြီ ၁၄ ရက်မှ ၁၇ ရက်အထိ သတ်မှတ်ထားသည်။

၎င်း၏ ပထမဆုံးခရီးစဉ်အဖြစ် တရုတ်နိုင်ငံကို ရွေးချယ်ခြင်းသည် နှစ်နိုင်ငံနှင့် ပါတီနှစ်ခုအကြား ဆက်ဆံရေး တိုးတက်လာစေရန်အတွက် အလေးထားဆောင်ရွက်မှုကို အပြည့်အဝဖော်ပြနေခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

**Mon**

## ရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အနက်တိမ်သော ငလျင် အင်ဒိုနီးရှား အရှေ့ပိုင်းတွင်လှုပ်ရှား၊ နေအိမ်များစွာပျက်စီး

**ဂျကာတာ ဧပြီ ၉**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အနက်တိမ်သော ငလျင် ယမန်နေ့ညကလှုပ်ရှားခဲ့ရာ လူနေအိမ်ပေါင်းများစွာ ပျက်စီးပြီး လူအချို့ ဒဏ်ရာရရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါငလျင်သည် သန်းခေါင်အချိန်ခန့်တွင် အရှေ့နူဆာတင်းဂါးရားပြည်နယ်၊ မော်မယ်ရီမြို့၏ အရှေ့ဘက် ၁၀၄ ကီလိုမီတာခန့်အကွာ၊ မြေအောက်အနက် ၁၀ ဒသမ ၄ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ထုတ်ပြန်ကြေညာသည်။

အဒိုနာရာကျွန်းငယ်ပေါ်ရှိ ကျေးရွာနှစ်ရွာတွင် ထိခိုက်မှုအများဆုံးဖြစ်ပွားခဲ့ပြီး နေအိမ် ၁၀၀ ကျော်ပျက်စီးကာ အနည်းဆုံး လူ ၂၀ ခန့် ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံတာဝန်ရှိသူ အစ္စမေးလ်ဒေတွန်ဘန်က ပြောကြားကြောင်း သိရသည်။ **Mon**

## အာတီမစ် ၂ လကမ္ဘာပတ် အာကာသယာဉ်မှူးများ မျှဝေလိုသော ဓာတ်ပုံနှင့် အတွေ့အကြုံများစွာ ရှိနေ

**ဝါရှင်တန် ဧပြီ ၉**

အာတီမစ် ၂ လကမ္ဘာပတ် ခရီးစဉ်တွင် လိုက်ပါသွားကြသည့် အာကာသယာဉ်မှူးများသည် ကမ္ဘာမြေသို့ပြန်လည်ရောက်ရှိရန် ပြင်ဆင်နေကြစဉ်အတွင်း ကမ္ဘာသူကမ္ဘာသားများထံ မျှဝေပေးလိုသော ဓာတ်ပုံများနှင့် အတွေ့အကြုံမှတ်တမ်းများစွာ ရှိနေသေးသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အိုရိုင်ယွန်အာကာသယာဉ်ပေါ်တွင် လိုက်ပါလာသည့် အာကာသယာဉ်မှူးလေးဦးသည် လကမ္ဘာကိုပတ်သည့် ၎င်းတို့၏ တာဝန်များကို အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပြီး အမေရိကန် စံတော်ချိန် ဧပြီ၁၀ရက်ည ၈ နာရီခန့်တွင် ဆန်ဒီယေဂိုကမ်းလွန်ပင်လယ်ပြင်သို့ ဆင်းသက်လိမ့်မည်ဟု မျှော်မှန်းထားကြသည်။

အာကာသယာဉ်မှူးများသည် ကမ္ဘာမြေသို့ပြန်လာသည့် လမ်းခရီး၌ အာကာသအတွင်းမှနေ၍ မီဒီယာများနှင့် တွေ့ဆုံမေးမြန်းရာတွင် အာကာသယာဉ်မောင်းဖြစ်သူ ဗစ်တာဂလိုဗာက ၎င်းတို့မြင်တွေ့ခဲ့ရသည်များကို တစ်ကမ္ဘာလုံးသို့ မျှဝေပေးရန် စိတ်အားထက်သန်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ယခုခရီးစဉ်သည် လူသားမျိုးနွယ်သမိုင်းတွင် ကမ္ဘာမြေနှင့် အဝေးဆုံးအကွာအဝေးသို့ လူတို့သွားရောက်နိုင်ခဲ့သည့် သမိုင်းဝင် လကမ္ဘာပတ် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။ **Mon**



# မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**မကွေး ဧပြီ ၉**

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီကာလအတွင်း မီးဘေးလုံခြုံရေးအတွက် ရည်ရွယ်၍ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ၊ လျှပ်စစ်မီးလောင်မှုအကြောင်းနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက 191 Report Mobile Application အသုံးပြုနည်း၊ ဂက်စ်အိုး မီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ Dry Chemical Powder (DCP) မီးသတ်ဆေးဘူးဖြင့် စနစ်တကျ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကိုယ်တိုင်လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။



ယခုအချိန်အခါသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှုများ လျော့နည်းကျဆင်းရေးအတွက် မီးသတ်ဦးစီးဌာနအနေဖြင့် ရပ်ကွက်၊ ကျေးရွာများအတွင်း မီးသတိပေးနှိုးဆော်ခြင်း၊ စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး၊ အမျိုးသား လေးဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**ရေတာရှည် ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံးကာ အမျိုးသား လေးဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၅ ရက် ညနေ ၄ နာရီခွဲက ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရန်ကုန်- မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၁၈၆ မိုင် ၅ ဖာလုံနှင့် ၇ ဖာလုံကြား၊ ငါးကြီးလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဆွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သာဂရကျေးရွာမှ ရေတာရှည်မြို့ဘက်သို့ မဂ်လာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာနေ ဝေဇင်ထွန်း(၂၄)နှစ် ဆိုသူမောင်းနှင်ပြီး တစ်ရွာတည်းနေ ဦးလှမြင့်(၆၃)နှစ်ဆိုသူ လိုက်ပါလာသည့် LIGHT TRUCK မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ နတ်သျှင်နောင်ရပ်ကွက်နေ စွမ်းထက်မောင်(၃၈)နှစ် ဆိုသူမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မဇာခြည်လှိုင် (၃၈)နှစ်ဆိုသူပါ အမျိုးသမီး သုံးဦးနှင့် အမျိုးသား သုံးဦး လိုက်ပါကာ ရေသန့်ကတ်များ တင်ဆောင်လာသည့် NISSAN CONDOR ခြောက် ဘီး မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးလှမြင့် ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး စွမ်းထက်မောင်နှင့် မဇာခြည်လှိုင်ပါဆိုသူ ခြောက်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဝေဇင်ထွန်းဆိုသူအား ဆွာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်သွပ်အမိုးများ ပျက်စီးမှုဖြစ်ပွား

**ရမည်းသင်း ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်ကျေးရွာ၊ အုန်းသီးကွဲကျေးရွာ၊ အောင်မင်္ဂလာရပ်ကွက်၊ သင်ပန်းကုန်းကျေးရွာတို့တွင် ယမန်နေ့ည ၇ နာရီက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်များ၊ စာသင်ကျောင်းဆောင်များ သွပ်အမိုးများ လန်ကာ ပျက်စီးမှု ဖြစ်ပွားခဲ့သည်။



အဆိုပါ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အင်ကြင်းကန်ကျေးရွာအုပ်စုတွင် ပေ (၂၀×၃၀)ပတ်လည်၊ နှစ်ထပ်ပျဉ်ထောင်နေအိမ် ခုနစ်လုံး၊ အုန်းသီးကွဲကျေးရွာအုပ်စုတွင် ပေ (၂၀×၃၀)ပတ်လည်၊ နှစ်ထပ်ပျဉ်ထောင်နေအိမ် နှစ်လုံး၊ ပေ(၂၀×၂၀)ပတ်လည်၊ နှစ်ထပ်ပျဉ်ထောင်နေအိမ် ငါးလုံးနှင့် (၆၀×၂၁)ပေ၊ အမက(မူလွန်)စာသင်ကျောင်းဆောင်၏ သွပ်အမိုးများ လန်ကာ ပျက်စီးခဲ့သည်။

ထို့အပြင် အောင်မင်္ဂလာရပ်ကွက်တွင်(၂၀×၂၀)ပေ၊ ထရံကာ၊ သွပ်မိုးနေအိမ် ငါးလုံး၊ (၁၀×၁၂၀)ပေ၊ တစ်ထပ်၊ ပွဲရုံတစ်ရုံ၏ သွပ်အမိုးများလန်ကာ ပျက်စီးခဲ့ကာ သင်ပန်းကုန်းကျေးရွာအုပ်စုတွင်(၂၀×၂၀)ပေ၊ တစ်ထပ်သွပ်မိုး၊ အုတ်ကာ နေအိမ်မှာ သစ်ပင်ပြိုလဲမှုကြောင့် ပျက်စီးခဲ့ပြီး လက်ဆည်ကန်ကျေးရွာတွင် အသက်(၂၀)နှစ်နှင့် အသက်(၂၈)နှစ်အရွယ် အမျိုးသားနှစ်ဦးမှာ မိုးကြိုးထိမှန်ကာ သေဆုံးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၀၅၇)**

## ဖုန်းအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှု ဖြစ်ပွား

**မြင်းခြံ ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၆)နေအိမ်တွင် လူစောင့်မရှိဘဲ ဖုန်းအားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှု ဧပြီ ၆ ရက် နံနက် ၇ နာရီခန့်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြင်းခြံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့်ဦးစီး၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ သန္နွေတပ်ဖွဲ့ဝင် ၄၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် (၂၄ × ၁၆)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ နှစ်ထပ်နေအိမ်တစ်လုံး နှင့် အိမ်အသုံးအဆောင်ပစ္စည်း များ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူအား မြင်းခြံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၅၇)**

၀-၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀


### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**




## ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦး သေဆုံး၊ ၁၄ ဦး ဒဏ်ရာရရှိ

**ပန်းတောင်း ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၌ သုံးဘီးယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ချောင်းကူးတံတား လက်ရန်းကွန်ကရစ်တန်းအား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသား တစ်ဦး သေဆုံးကာ အမျိုးသား သုံးဦးနှင့် အမျိုးသမီး ၁၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၅ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ တဲကြီးကုန်းကျေးရွာအနီး ထုံးဘို-အကောက်တောင်ဘုရားသွားကားလမ်း ချောင်းကူးတံတားထိပ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ထုံးဘိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ထုံးဘိုမြို့မှ အကောက်တောင်ဘုရားဘက်သို့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကံရွာကျေးရွာနေ လှဇော်ဦး (၄၆)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်သည့် ရန်မျိုးအောင်(၃၅)နှစ်ပါ အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၁ ဦး လိုက်ပါလာသည့် DAYANG သုံးဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ ချောင်းကူးတံတားလက်ရန်း ကွန်ကရစ်တန်းအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ရန်မျိုးအောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး လှဇော်ဦးပါဆိုသူ အမျိုးသား သုံးဦးနှင့် နော်ထူးထူး(၃၁)နှစ်ပါဆိုသူ အမျိုးသမီး ၁၁ ဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် လှဇော်ဦးဆိုသူအား ထုံးဘိုနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နှစ်သစ်မင်္ဂလာဆုမွန်လွှာ

မိုးထက်ကို(အမရပူရ)

နေ့စဉ်ဘဝမှာ မင်္ဂလာရှိအောင် အိပ်ရာမှ နိုးသောအခါ---

(၁) ဗာလနဲ့မဆုံမိအောင် သတိပြုပါ။

(၂) ပဏ္ဍိတနဲ့ ဆုံတွေ့ဖို့ ကြိုးစားပါ။

(၃) ရတနာသုံးပါး မိဘ၊ ဆရာသမားတို့အား အလေးထားကာ ပြုစုပါ။ ထိုနေ့သည် သင့်အတွက် မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ မင်္ဂလာရှိမှ ကြီးပွားနိုင်သည်။

**ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ**

'မင်္ဂလာ'ဟူသည်မှာ စစ်မှန်သော ကြီးပွားတိုးတက်မှုဖြစ်သည်။ စစ်မှန်သော ကြီးပွားတိုးတက်မှုရရှိနိုင်ရန် ယုံကြည်ချက်ခိုင်မာခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ သုတပညာကျယ်ပြန့်စွာ ဆည်းပူးခြင်း၊ ကိုယ်ကျိုးစွန့်နိုင်ခြင်း၊ အမြော်အမြင်ကြီးမားခြင်းတို့သည် လိုအပ်သော အရည်အချင်းကောင်းများ ဖြစ်သည်။

'မင်္ဂလာ'ဟူသည် မကောင်းမှုကို ပယ်ဖျောက်၍ ကောင်းမှုကို ဆောင်ရွက်ခြင်းဖြစ်သည်။ နှစ်သစ်တွင် စိတ်ကောင်းနှလုံးကောင်းထားရှိကာ မင်္ဂလာ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်မည်ဆိုပါက လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးကို ရရှိစေပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရားလေးပါးကို လူမျိုး၊ ဘာသာ၊ ဝါဒ စသည့် အတားအဆီးများကို ဖယ်ရှား၍ ပွားများကြရပါမည်။ မေတ္တာတရားသည် လူသားတိုင်း၏ နှလုံးသားကို နူးညံ့သိမ်မွေ့စေသည်။ မေတ္တာတရားများ လွှမ်းမိုးနေလျှင် ကပ်သုံးပါးဟုဆိုအပ်သော ငတ်မွတ်ခေါင်းပါးသောကြောင့် ပျက်စီးခြင်း၊ လက်နက်ဘေးကြောင့် ပျက်စီးခြင်း၊ ရောဂါဘေးကြောင့် ပျက်စီးခြင်းတို့မှ ကင်းဝေးလွတ်မြောက်နိုင်မည်ဖြစ်ပါသည်။

မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ခန္တီ၊ ပညာ စသည့် ဗြဟ္မစရိယတရားတို့သည် လောကကာကွယ်စောင့်ရှောက်သော လောကပါလတရားတို့ ဖြစ်သည်။ ခိုင်မြဲသော ညီညွတ်ခြင်း၊ ရိုးသားသော လက်တွဲခြင်း၊ မှန်ကန်သော စိတ်ထားခြင်းတို့ကို ဤလောကပါလ ဗြဟ္မစရိယတရားတို့ဖြင့် တည်ဆောက်ကြရမည်ဖြစ်ပါသည်။

နှစ်ဟောင်းကိုနှုတ်ဆက်ပြီး နှစ်သစ်ကို ကြိုဆိုရာတွင် မျှတသည့် အတွေးအမြင်မျိုးရှိသင့်သည်။ ထိုကဲ့သို့ အမြင်မျိုးကိုလည်း နှစ်ဟောင်းကို ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်ခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။ ဤဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်ခြင်းဟူသည့် ဝေါဟာရသည် ကုန်လွန်ခဲ့ပြီးဖြစ်သည့် တစ်နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ပျော်ရွှင်ခြင်း၊ စိတ်ပျက်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းများကို ပြန်လည်သုံးသပ်ဆင်ခြင်ပြီး တည်ငြိမ်ရင့်ကျက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမျိုးပင်ဖြစ်သည်။

မြတ်စွာဘုရားက သိင်္ဂါလလုလင်ကို လူ့ကျင့်ဝတ်တရားများ ဟောကြားရာတွင် မကောင်းမှုဒုစရိုက်တရားများဖြစ်သည့် အဂတိတရားလေးပါးနှင့် ပါပကမ္မတရားလေးပါး မလိုက်စားရန် တားမြစ်ခဲ့သည်။ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိ၊ သူတစ်ပါးနှစ်ဦးစလုံးကိုဖြစ်စေ ထိခိုက်စေသော၊ အကျိုးမရှိသော စိတ်ဆင်းရဲစေသော၊ မကောင်းသော အလုပ်ဖြစ်သဖြင့် တားမြစ်ခြင်းပင် ဖြစ်သည်။

သတ္တဝါတိုင်း လူ့ဘဝ၏ တန်ကြေးသည် သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ဖြစ်ပါသည်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ၊ သူတော်ကောင်း တရားခုနစ်ပါးနှင့် ပြည့်စုံပြီး အစစအရာရာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် အစဉ်အမြဲ နှလုံးသွင်းကာ ဆောင်ရွက်နေထိုင်ကြပါလျှင် ကိုယ်ပိုင်ဆိုင်ခွင့်ရသည့်ဘဝသည် လူဖြစ်ရကျိုးနပ်ပါသည်။

မြတ်ဗုဒ္ဓ၏ သာသာရေးအဆုံးအမများသည် လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်းတို့ကို ယဉ်ကျေးသိမ်မွေ့အောင် ပဲ့ပြင်ထိန်းကျောင်းနိုင်စွမ်းရှိ၏။ ဘာသာရေးအဆုံးအမများကို လိုက်နာသော လူ့အဖွဲ့အစည်းသည် ယဉ်ကျေးသိမ်မွေ့ကြသည်။ မြတ်ဗုဒ္ဓသည် သတ္တဝါများအပေါ် မေတ္တာထားရန် အစဉ်ထာဝရ ဟောကြားတော်မူခဲ့ပါသည်။

နှစ်သစ်တွင် နေ့စဉ်နေ့တိုင်း နံနက်စောစော နိုးထပြီး ဘုရားကန်တော့ခြင်း၊ ပဋ္ဌာန်းပရိတ်တော်များရွတ်ဆိုခြင်း၊ ပုတီးစိပ်တရားထိုင်ခြင်း၊ သုံးဆယ့်တစ်ဘုံမှာရှိသော သတ္တဝါများကို မေတ္တာပို့သကာ မေတ္တာပွားများကြဖို့ လိုအပ်ပါသည်။ မြတ်ဗုဒ္ဓ၏ တရားတော်နှင့်အညီ မဖြစ်မနေ ကြိုးစား၊ ပြုမူ၊ ကျင့်ကြံ၊ နေထိုင်သွားရန် လိုအပ်ပါသည်။

ဟိရီနှင့်ဩတ္တပ္ပ တရားနှစ်ပါးသည် လောကကြီးကို မပျက်စီးအောင် ထိန်သိမ်းကာကွယ်စောင့်ရှောက်ထားသော လောကပါလတရားနှစ်ပါးဖြစ်သည်။ လောကကို စောင့်ရှောက်သော အရှက်တရားဆိုသည်မှာ မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်း၊ လောကကို စောင့်ရှောက်သော အကြောက်တရားဆိုသည်မှာ မကောင်းမှုပြုလုပ်ရမည်ကို ကြောက်ခြင်းကို ဆိုလိုသည်။

'ဘဝ'ဆိုသည်မှာ စက္ကန့်၊ မိနစ်၊ နာရီ၊ အချိန်များဖြင့် စနစ်တကျ တည်ဆောက်ထားပါသည်။ ဘဝအတွက် ပေးထားသော အချိန်များသည် တစ်နှစ်တာ အချိန်ကာလကုန်ဆုံးသွားပါပြီ။ အကောင်း၊ အဆိုး၊ ဒွန်တွဲနေသော လူ့ဘဝတွင် မိမိပြုခဲ့ပြီးသော အရာတို့ကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး နှစ်သစ်ကို ကောင်းမွန်လှပစွာ ကြိုဆိုနိုင်ကြပါမည်။

သဘာဝ၊ ရေ၊ မြေ၊ သယံဇာတများ ကောင်းမွန်စွာ ထွက်ရှိသော မြန်မာနိုင်ငံမှာ နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုမောင်ရင်းနှမလို ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေး နေထိုင်ကြဖို့ လိုပါသည်။ ထိုသို့ နေထိုင်ကြလျှင် စား၍မကုန်သော ဆန်ရေစပါး၊ အဖိုးထိုက်တန်လှသော သယံဇာတများပေါများပြီး ဘာသာ၊ သာသနာ၊ ထွန်းလင်းတောက်ပကာ ငြိမ်းချမ်းသာယာဝပြောပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည်စုံကြပါမည်။

နှစ်ဟောင်းမှတွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုများကို သင်ခန်းစာယူပြီး နှစ်သစ်တွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် နယ်ပယ်ပေါင်းစုံတွင် တိုးတက်အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် လူတိုင်းကိုယ်စီ ကိုယ့်ဘဝကို ပုံဖော်ပုံလောင်းကြဖို့ လိုပါသည်။

ယနေ့ကမ္ဘာမှာ နည်းပညာဆန်းသစ်မှုများနှင့် အတူရုပ်ဝတ္ထုပစ္စည်းများလည်း အံ့မခန်းတိုးတက်များပြားလားပါသည်။ နည်းပညာအသစ်များ ထွန်းကားတိုးတက်လာသည်နှင့် တစ်ပြိုင်နက် ရုပ်ဝတ္ထုများကို တပ်မက်ခြင်း၊ အလေးထားခြင်းတို့ ပိုမိုများပြားလာပါသည်။ ထိုသို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ရုပ်ဝတ္ထုများ အရောင်တောက်ပလာပေမယ့် ကိုယ်ချင်းစာနာ မေတ္တာတရားတွေ မှေးမှိန်လာပါသည်။ လူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ လေးစားတန်ဖိုးထားမှုတွေ လွင့်ပြယ်လာပါသည်။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ နူးညံ့ပျော့ပျောင်းခြင်းများ လွင့်ပါးလာပါသည်။ ရက်စက်ကြမ်းကြုတ်ခြင်း၊ လှစ်လျူရှုနိုင်ခြင်း၊ ဥပေက္ခာတရားများ လွှမ်းမိုးလာပါသည်။

ဟိုယခင်က မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့တစ်ခုဖြစ်သော မြန်မာတို့ရဲ့ မိသားစုမျက်နှာစုံညီထမင်းစားဝိုင်းမှာ မိသားစုထမင်းလက်ဆုံစားကြသော လက်ရေတစ်ပြင်တည်း စားကြသော အလေ့အထတစ်ခုရှိပါသည်။ မိသားစုထမင်းစားပြီးလျှင် မိဘနှင့်သားသမီးများ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နွေးနွေးထွေးထွေး အေးအေးဆေးဆေး စကားများ ပြောဆိုကြပါသည်။ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များ၊ လူမှုဘဝဗဟုသုတကြွယ်ဝစေသော မှတ်သားဖွယ်ရာစကားများ၊ လူ့သဘော၊ လူ့မနော စိတ်နေစိတ်ထားများကို တစ်ဦးနှင့်တစ်ဦး နှီးနှောဖလှယ်ကာ စကားများ ပြောဆိုကြပါသည်။ ယနေ့ခေတ်ကာလမှာ မိသားစုမျက်နှာစုံညီထမင်းဝိုင်းများ အေးစက်ပျက်ပြယ်နေပါပြီ။

မိသားစုမျက်နှာစုံညီထမင်းစားဝိုင်းတွင် မိမိနှင့်မိသားစု၊ မိမိအသိုက်အဝန်း၊ မိမိရပ်ရွာ၊ မိမိနိုင်ငံအတွက် ကောင်းရာကောင်းကျိုးတစ်ခုခုကို ဆောင်ကြဉ်းပေးနိုင်အောင် ကြိုးပမ်းကြရပါမည်။ သို့မှသာ လူ့တာဝန်ကျေပွန်သော လူတစ်ဦးဖြစ်မည်ဟူ၍ မိဘများက သွန်သင်ဆုံးမပြောဆိုကြပါသည်။

မြန်မာတို့ အမြတ်တနိုး တန်ဖိုးထားကြရမည့် မြန်မာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ လောကနီတိ၊ ပြည်သူ့နီတိ၊ သဘောတရားများ၊ အခြေခံလူ့ကျင့်ဝတ်များကို လောကလူသားများ တဖြည်းဖြည်း မေ့လျော့လာကြပါသည်။ လောကလူမှုဝန်းကျင်မှာ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာတွင် ပြုံးပြနှုတ်ဆက်ကြပါသည်။ 'မင်္ဂလာ'ပါ 'ကျေးဇူးပါ' 'နေကောင်းပါရဲ့လား' စသည်ဖြင့် လောကဝတ်စကားများ၊ မင်္ဂလာရှိသော စကားများကို ပြောဆိုနှုတ်ဆက်ကြပါသည်။

ယနေ့ခေတ်ကာလမှာ လူမှုဝန်းကျင်တွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာ နှုတ်ဆက်ခြင်း၊ ပုံစံကပြုံးပြနှုတ်ဆက်ရမည့်အစား မေးထိုး၊ မေးငေါ့ခြင်းသာ ပြုလုပ်လာကြပါသည်။ လူ့ယဉ်ကျေးမှုတို့၏ ကြည်လင်အေးမြသော အပြုံးလေးများ ရှားပါးကုန်ပါပြီ။ တစ်ပါးသူအပေါ် မေတ္တာစေတနာနည်းပါးကာ သနားညှာတာ၊ အားနာတတ်သော စိတ်များလည်း လျော့ပါးလာပါသည်။ ထိုသို့ အခြေခံလူ့ယဉ်ကျေးမှု၊ လူနှင့်လူချင်း တန်ဖိုးထားလေးစားမှု စသည့် အသိတရားများ ဆုတ်ယုတ်ချို့တဲ့လာသောကြောင့် လူ့ယဉ်ကျေးမှု သဘောတရားများ မျက်ကွယ်ပြုကာ တဖြည်းဖြည်းဆိတ်သုဉ်းနေပါပြီ။

လောကလူသားများသည် လောဘ၊ ဒေါသ၊ မောဟများကို ဖက်တွယ်ပြီး ရှင်သန်ကြီးပြင်းလာကြသူများဖြစ်ကြပါသည်။ ထိုကိလေသာစိတ်များကို ဒါန၊ သီလ၊ ဘာဝနာများဖြင့် ပြောင်စင်အောင် လျှော်ဖွပ်ကြရပါမည်။ ထိုသို့ လျှော်ဖွပ်သန့်စင်ကြလျှင် စိတ်ချမ်းသာခြင်း၊ ငြိမ်းအေးခြင်း၊ ကောင်းကျိုးများကို ပစ္စုပ္ပန်ကာလမှာ လက်တွေ့ခံစားကြရပါမည်။

မည်သို့ပင်ဖြစ်စေ လူသားတိုင်းရဲ့ နှလုံးအိမ်မှာ ကိုယ်ချင်းစာနာ မေတ္တာတရားတွေ မွေးမြူကာ လူသားအချင်းချင်း မျှဝေခံစားပေးဖို့ လိုပါသည်။

သို့မှသာ နှလုံးသားတွေ လှပကာ လောကအကျည်းတန်မှုများ တားဆီးနိုင်ကြပါမည်၊ လောကကို အလှဆင်နိုင်ကြပါမည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ မင်္ဂလာတရားတော်နှင့်အညီ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နိုင်ကြပါစေ။ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာနာ မေတ္တာတရားထားနိုင်ကြပါစေ။ စိတ်ထားဖြူရှင်း လူအချင်းချင်း လှည့်ပတ်ခြင်းတွေ ကင်းရှင်းကြပါစေ။

ချိုသာကြည်အေး အပြုံးပေးကာ မင်္ဂလာရှိသော လောကဝတ်စကားများကို ပြောဆိုနိုင်ကြပါစေ။ မြန်မာနိုင်ငံတစ်နံတစ်လျား၌ လောကပါလတရားများ ထွန်းကားပြန့်ပွားနိုင်ကြပါစေ။ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောတိုးတက်သော နှစ်သစ်ဖြစ်ပါစေကြောင်း စေတနာထားကာ ဆုမွန်လွှာရေးသားလိုက်ရပါသည်။

**မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ခန္တီ၊ ပညာစသည့် ဗြဟ္မစရိယတရားတို့သည် လောကကာကွယ်စောင့်ရှောက်သော လောကပါလ တရားတို့ ဖြစ်သည်။ ခိုင်မြဲသော ညီညွတ်ခြင်း၊ ရိုးသားသော လက်တွဲခြင်း၊ မှန်ကန်သော စိတ်ထားခြင်းတို့ကို ဤလောကပါလ ဗြဟ္မစရိယတရားတို့ဖြင့် တည်ဆောက်ကြရမည် ဖြစ်ပါသည်။**



# နိုင်ငံတကာ အားကစား သတင်းများ



## 2026 Oeiras Jamor Ladies Open တင်းနစ်ပြိုင်ပွဲ ဧပြီ ၁၃ ရက်တွင် စတင်မည်

**လန်ဒန် ဧပြီ ၉**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Oeiras Jamor Ladies Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဧပြီ ၁၃ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Oeiras Jamor Ladies Open တင်းနစ်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၂၀ရက်အထိ ရေက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Oeiras Jamor Ladies Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (ဝဲပုံ)

Oeiras Jamor Ladies Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဟန်ဂေရီတင်းနစ်မယ် Dalma Galfi ဖြစ်သည်။ (NGB)

## မတ်တီယာပီရင် ခြေသလုံးဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိ

**လန်ဒန် ဧပြီ ၉**

ဂျူဗင်တပ်အသင်း ဂိုးသမား မတ်တီယာပီရင် ခြေသလုံးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ဂိုးသမားသည် ဂျူဗင်တပ်အသင်းက ဂျီနိုအာအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဂိုးသမား မတ်တီယာပီရင် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျူဗင်တပ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမား မတ်တီယာပီရင်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ ပွဲ ကစားပြီး လက်စွမ်းပြထားသည်။

(အောက်ပုံ) (NGB)





## ပီအက်စ်ဂျီအသင်းက လီဗာပူးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဧပြီ ၉**

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက လီဗာပူးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၁မိနစ်တွင် ဒူးအဲ၊ ပွဲချိန် ၆၅မိနစ်တွင် ကာဗာရက်စ်ခီလီယာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ပီအက်စ်ဂျီအသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၁၅ရက်တွင် လီဗာပူးအသင်း၏ အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## နည်းပြ ကွန်ပနီ ဘိုင်ယန်မြူးနစ်အသင်းနည်းပြဘဝ ပွဲပေါင်း ၁၀၀ ပြည့်မြောက်

**မြူးနစ် ဧပြီ ၉**

နည်းပြ ကွန်ပနီသည် ဘိုင်ယန်မြူးနစ်အသင်းနည်းပြဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကွန်ပနီသည် ဘိုင်ယန်မြူးနစ်အသင်းကို ၂၀၂၄ခုနှစ် မေ ၂၉ ရက်မှ စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ပွဲ ၁၀၀ တွင် ၇၆ ပွဲ နိုင်၊ ၁၃ ပွဲသရေ၊ ၁၁ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ ကွန်ပနီက "အခုလို အသင်းနဲ့အတူ ပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ပြီးတော့ အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံဆုများစွာလည်း ရယူသွားဦးမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းက ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့အသင်းတစ်သင်းပါ။ ကျွန်တော့် မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်" ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ယွစ်ဘစ်ဆူးမားအား ခေါ်ယူရန် ဖီနာဘာချီအသင်း စီစဉ်

**လန်ဒန် ဧပြီ ၉**



တူရကီကလပ် ဖီနာဘာချီအသင်းသည် စပါးအသင်း ကွင်းလယ်ကစားသမား ယွမ်ဘစ်ဆူးမားအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ယွစ်ဘစ်ဆူးမားကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် စပါးအသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ဖီနာဘာချီအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ယွစ်ဘစ်ဆူးမားအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ပါဘလိုဒူရန် ဆဲလ်တာဗီဂိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဧပြီ ၉**

ဆဲလ်တာဗီဂိုအသင်းသည် အသင်းတိုက်စစ်မှူး ပါဘလိုဒူရန်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ဆဲလ်တာဗီဂိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲစဉ် ၂၃ပွဲကစားပြီး နှစ်ဂိုးသွင်းယူထားခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ပါဘလိုဒူရန်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(ဝဲပုံ) (NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
| --- | --- | --- |
| ၁၁-၃-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၂)ရီးရဲလ်မက်ဒရစ် - ဂျီရိုနာ(၁၂)<br>(W,W,W,L,L) (L,D,W,L,W) | ရီးရဲလ်မက်ဒရစ် ၂-၀ ဂျီရိုနာ<br>ဂျီရိုနာ ၀-၃ ရီးရဲလ်မက်ဒရစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
| --- | --- | --- |
| ၁၁-၄-၂၀၂၆<br>နံနက် ၀၁:၀၀ နာရီ | (၁၁)အော့စ်ဘတ် - ဟော်ဖန်ဟိမ်း(၅)<br>(W,L,L,L,D) (W,D,L,L,L) | အော့စ်ဘတ် ၀-၀ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၁-၁ အော့စ်ဘတ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
| --- | --- | --- |
| ၁၁-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၁၈)ဝက်စ်ဟမ်း - ဝုဗ်(၂၀)<br>(W,W,D,L,L) (L,W,W,L,D) | ဝက်စ်ဟမ်း ၂-၁ ဝုဗ်<br>ဝုဗ် ၁-၀ ဝက်စ်ဟမ်း |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
| --- | --- | --- |
| ၁၁-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၂၀)ဝက်စ်ဘရွန်း - မီလ်ဝေါလ်(၄)<br>(D,W,W,D,D) (W,L,D,W,L) | ဝက်စ်ဘရွန်း ၀-၀ မီလ်ဝေါလ်<br>မီလ်ဝေါလ် ၁-၁ ဝက်စ်ဘရွန်း |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
| --- | --- | --- |
| ၁၁-၄-၂၀၂၆<br>နံနက်၀၁:၃၅နာရီ | (၄)မာဆေးလ် - မက်စ်(၁၈)<br>(L,W,W,L,L) (L,L,L,D,D) | မာဆေးလ် ၁-၁ မက်စ်<br>မက်စ် ၂-၂ မာဆေးလ် ၂၃-၂၄ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
| --- | --- | --- |
| ၁၁-၃-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၆)ရိုးမား - ပီဆာ(၂၀)<br>(D,L,L,W,L) (L,L,W,L,L) | ____________ |

## နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

**ဇမ္ဗူသီရိ ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များအနေဖြင့် ပညာရေးသာမက ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နွေရာသီ အားကစားသင်တန်းများကို မတ် ၂၅ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့သည်။



အဆိုပါနွေရာသီအားကစားသင်တန်းများကို ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်း၊ ဇမ္ဗူသီရိမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှင်းမမဦးနှင့် အားကစားနည်းပြများက အနီးကပ်ကြီးကြပ်၍ အားကစားနည်းများဖြစ်သည့် တိုက်ကွမ်ဒို၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မြန်မာ့သိုင်း၊ ဟော်ကီ၊ ဝူရှူး၊ ဘတ်စကက်ဘော၊ ခရစ်ကက်၊ အေရိုးဗစ် P.F.D စသည့် အားကစားနည်း ၁၀ မျိုးကို မတ် ၂၅ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းများကို ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များက အားလပ်ရက်အချိန်များကို အကျိုးရှိစွာအသုံးချ၍ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်လာစေရန်ရည်ရွယ်၍ နေ့စဉ်လေ့ကျင့်သင်ကြားပေးခဲ့သည်။

ဆက်လက်၍ နွေရာသီအဆင့်မြင့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## စားသုံးသူပြည်သူများ လက်ဝယ်သို့ စားအုန်းဆီများအပြည့်အဝထုတ်ယူရရှိရေး ကွင်းဆင်းစစ်ဆေး

**မကွေး ဧပြီ ၉**

မကွေးတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်း ကြီးကြပ်ရေးကော်မတီ၏ စီစဉ်မှုဖြင့် မကွေးတိုင်းအတွင်းရှိ ခွဲဝေရရှိသည့်ပြည်သူ့ဆီနှစ်ရာခိုင်နှုန်း အမြတ်ဖြင့် ရောင်းချသော စားအုန်းဆီများအား ခရိုင်အလိုက် နယ်မြေအခြေအနေနှင့် လူဦးရေအပေါ်အခြေခံ၍ ကုမ္ပဏီ ၁၁ခုမှ ဖြန့်ခွဲရောင်းချလျက်ရှိရာ ရုံးပိတ်ရက်ရှည်(သင်္ကြန်ကာလအတွင်း) ခရိုင်၊မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စားသုံးသူ ပြည်သူများ လက်ဝယ်သို့ အပြည့်အဝ ပုံမှန်ရောက်ရှိစေရန်နှင့် သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရောင်းချစေရေး မကွေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များတွင် စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်းကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးရဲမျိုးလွင် ဦးဆောင်၍ ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့နယ်နှင့်မင်းဘူးမြို့နယ်တို့တွင်သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ် အဖွဲ့ဝင်များဖြစ်သည့် အထူးစုံစမ်းရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့တို့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စားအုန်းဆီများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးထုတ်လုပ်သည့်လုပ်ငန်းများ တွင်ကျယ်လာသည့်အပေါ်တွင် မကွေးတိုင်းဒေသကြီး စက်မှုလုပ်ငန်းသုံးဆီများ ထုတ်ယူရရှိသည့် လုပ်ငန်းများတွင် အမှန်တကယ်သုံးစွဲမှု ရှိ၊ မရှိ တို့အား စစ်ဆေးလျက်ရှိသည့်အပြင် ပခုက္ကူခရိုင်၊ သရက်ခရိုင်အတွင်းရှိ မြို့နယ်များ၊ ချောက်ခရိုင်အတွင်းရှိ ချောက်၊ ရေနံချောင်းမြို့နယ်များနှင့် မကွေးခရိုင်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်မြို့နယ်များနှင့် မကွေးမြို့ပေါ်တို့တွင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သုံးဖွဲ့ခွဲ၍ ၂၀၂၆ ခုနှစ် ဧပြီ ၂ ရက်မှ စတင်ပြီး နေ့စဉ်ကွင်းဆင်းကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)



## တောင်ဖီလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ (၁၀)ကြိမ် မြောက်ထုတ်ချေး

**မိတ္ထီလာ ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်တဲကျေးရွာအုပ်စု၊တောင်ဖီလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ (၁၀) ကြိမ်မြောက် ထုတ်ချေးခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်အသင်းသား၊အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တောင်ဖီလာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၆၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ တောင်ဖီလာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၀ ဦးကို ငွေကျပ် ၁၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၃၁၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို ငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၆၉)



## ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ အဆင်ပြေ

**ကျွန်းလှ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီစိုက်ပျိုးသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ် နွေရာသီမှာ ရုံးပတီကျင်း ၃၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရာမှာ မျိုးဖိုး၊ ထွန်ယက်ခ၊ မြေဩဇာဖိုး၊ ဆေးဖိုး၊ ရေတင်ခနဲ့ လုပ်အားခအပါဝင် ငွေကျပ် ၁၀သိန်းခန့် ကုန်ကျပါတယ်။ အခုအခါ ရုံးပတီစိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းပြီး ကောက်ယူရောင်းချနေရပြီဖြစ်ပါတယ်။ တစ်ရက်ခြားတစ်ခါ ကောက်ရင် ပိဿာချိန် ၁၀ ရရှိပြီး တစ်ပိဿာ ငွေကျပ် ၃၅၀၀ ရောင်းရ၍ အဆင်ပြေလျက်ရှိပါတယ်"ဟု ရှမ်းစုကျေးရွာမှ တောင်သူ ဦးလေးမောင်က ပြောသည်။

(အောက်ပုံ)

ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာနှင့် မန်ကျည်းအင်းကျေးရွာတို့တွင် စပါးအပြင် ဟင်းသီးဟင်းရွက်မျိုးစုံကို နွေ၊ မိုး၊ ဆောင်း ချောင်းရေတင်စိုက်ပျိုးကြ၍ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိကြပြီး တောင်သူများ ဝင်ငွေရရှိနေကြောင်း သိရသည်။ (၄၈၀)



## တိုက်နယ်(၃)၌ မိုးကြိုသီးနှံမျိုးစုံ ၅၇၂၂ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် တိုက်နယ်(၃)၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုရာသီတွင် ဒေသနှင့်ကိုက်ညီသည့်



သီးနှံ မျိုးစုံစိုက်ပျိုးလျက်ရှိရာ မတ် ၃၀ ရက် ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများအရ မိုးကြိုသီးနှံမျိုးစုံ ၅၇၂၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးကြိုသီးနှံ စိုက်ပျိုးရာ၌ နွေစပါး ၃၅၃ ဧက၊ နွေနှမ်း ၄၀၂၈ ဧက၊ မိုးကြိုပဲတီစိမ်း ၁၃၁၁ ဧက စုစုပေါင်း ၅၆၉၂ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ နွေစပါး ၁၉၅ ဧက၊ နွေနှမ်း ၃၇၈၂ ဧက၊ မိုးကြိုပဲတီစိမ်း ၁၆၈၉ ဧက၊ ငရုတ်စိုက်ခင်း ဧက ၃၀နှင့် ဟင်းသီး၊ ဟင်းရွက် ၂၆ ဧက စုစုပေါင်း ၅၇၂၂ ဧက စိုက်ပျိုးပြီးဖြစ်သည်။

တိုက်နယ်(၃)၌ လက်ပံပင်၊ မယ်ဇယ်ပင်၊ တံစိုး၊ သူငယ်တော်၊ပွတ်ကိုင်၊မြောင်းဦး၊အနောက်သာဂရ၊ ရွာပုလဲ၊ ကတဲ၊ ပနန်းကျေးရွာအုပ်စုများ ပါဝင်ပြီး မိုးကြိုရာသီ၌ လျာထားသီးနှံမျိုးစုံစိုက်ဧကများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ ပြည့်ဝစွာပေးဝေလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

# ၂၀၂၆ ခုနှစ် "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှ မင်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် **"လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှမင်းသင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပါမည်။

ပြိုင်ပွဲစည်းကမ်းချက်များ

၁။ ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ၊ ၁၄ လက်မ)အလျားလိုက် ရောင်စုံဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူ အမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိက ဆုစာရင်းပယ်ဖျက်ပါမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အောက်ပါအချက်အလက်များ ပါဝင်ရမည်။

(က) မန္တလေး၏အငွေ့အသက်

(ခ) မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်

(ဂ) သင်္ကြန်အငွေ့အသက်

(ဃ) သနပ်ခါးနှင့် လက်ဖက်ယဉ်ကျေးမှုကို ဖော်ကျူးပြသခြင်း။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလ လမ်းလျှောက်သင်္ကြန်ပွဲအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရပါမည်။ ပြိုင်ပွဲဝင်ပုံများသည် အခြားပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရထားပြီးပုံများ မဖြစ်စေရ။ စီးပွားရေးကြော်ငြာများ၊ မီဒီယာများနှင့် Website များတွင် အသုံးပြုပြီးပုံများ မဖြစ်စေရ။ ၎င်းတို့နှင့် ဆင်တူယိုးမှားပုံများ မဖြစ်စေရ။

၃။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာလျှင် တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာဖြစ်ပေါ်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုများကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် နိုင်ငံတော်၏ မူဝါဒ ဆန့်ကျင်သောပုံများ၊ အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ တည်ဆဲဥပဒေနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။ ပုံထဲမှရှိနေသည့် အရာဝတ္ထုများအား ဖယ်ထုတ်ခြင်း၊ မရှိသည့်အရာဝတ္ထုများ ထည့်သွင်းခြင်း မပြုလုပ်ရ။ အလွန်အကျူးပြုပြင်ထားသောပုံများ မဖြစ်စေရ။ ရိုက်ကူးသည့် မူရင်းပုံအား အလင်းအမှောင်၊ Cropping၊ ကာလာချိန်သည့် ပြိုင်ပွဲပုံများ ဖြစ်ရမည်။ ယခင်ပုံဟောင်းများ မဖြစ်စေရ။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအား ထိုက်တန်စွာ ဆုချီးမြှင့်မည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲတွင်(ပထမ၊ ဒုတိယ၊ တတိယ)ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၁)ဆုသာလျှင် ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုလိုသော မည်သည့်ကိစ္စတွင်မဆို အသုံးပြုရန် သဘောတူခွင့်ပြုရမည်။

၇။ ပြိုင်ပွဲဓာတ်ပုံများကို Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, Gopro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ရိုက်ကူးထားသည့် မူရင်း Print File တို့ကို CD ဖြင့် တစ်ပါတည်း တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို **(၂၁-၄-၂၀၂၆)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးသို့ ပေးပို့ရပါမည်။

၉။ ပဏာမရွေးချယ်ခြင်းကို **(၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) (ညနေ ၄း၀၀ နာရီ)** တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲ စံနှုန်းများနှင့်အညီ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများ၏ ပဏာမစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်သွားပါမည်။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံရှင်များထံ အချိန်မီအကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၀။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို **(၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၉း၀၀ နာရီ) မှ (၂၉-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၆း၀၀ နာရီ)** အထိ MCDC Facebook Page တွင်တင်ပြီး Like ရရှိမှုအရေအတွက်ပေါ်မူတည်၍ ဆုရွေးချယ်သွားမည် ဖြစ်ပါသည်။

၁၁။ ပြိုင်ပွဲဝင်ပုံတိုင်း၏ နောက်ကျောတွင် **အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးထားသည့် ခံဝန်ချက်ပြည့်စုံစွာ ရေးထားသော စာရွက်များကို** တိပ်ဖြင့် သေချာစွာ ကပ်ပေးရမည်။ ပြိုင်ပွဲပုံ၏ နောက်ကျောတွင် မည်သည့်အမှတ်အသားမှ မပါရှိစေရ။ ပုံတွင်လည်း ရေစာအမှတ်အသား မပါစေရ။

၁၂။ ဆုရွေးချယ်ခံထားရသော ဆုရပုံများအား ကန့်ကွက်လိုပါက ပြိုင်ပွဲစိစစ်ရေးကော်မတီသို့ ဆုရွေးချယ်ထုတ်ပြန်ပြီးအတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူဘက်မှ မှန်ကန်ပါက ဆုစာရင်းပယ်ဖျက်မည်။ ဆုရရှိသူဘက်မှ မှန်ကန်ပါက ဆုကို ဆက်လက်အတည်ပြုမည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# ၂၀၂၆ ခုနှစ် 'ပျော်ရွှင်ဆင်နွှဲ မင်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွှဲ မင်းသင်္ကြန်ပွဲ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀း၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀း၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး Talk Show ကျင်းပ

**မန္တလေး ဧပြီ ၉**

မဟာအောင်မြေမြို့နယ် လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ အပူဒဏ်ကာကွယ်ရေးအသိပညာပေး Talk Show ကို ယနေ့နံနက်ပိုင်း ကျင်းပသည်။

ထိုသို့ ဆွေးနွေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက အပူဒဏ်ကာကွယ်ရေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များ မေးမြန်းဆွေးနွေးရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမ ဒေါ်နီနီထွန်းက နွေရာသီရောက်ရှိလာ၍ အပူရှိန်မြင့်မားလာသောကြောင့် တတ်နိုင်သမျှအရိပ်ရသောနေရာများတွင် နေထိုင်ကြရန်၊ မိမိအသားအရေကိုနေရောင်ခြည်နဲ့ တိုက်ရိုက်မထိတွေ့ကြစေရန် အပြင်ထွက်ပါက လည်ပင်း၊ လက်နှင့်ဦးခေါင်း အကာအကွယ်ပြုလုပ်သွားကြရန်၊ ရေများများသောက်ရန်၊ နေပူထဲကအပြန် ရေခဲရေသောက်တာမျိုး အထူးရှောင်ကြဉ်ရန်၊ ပူပြင်းတဲ့နေရာကပြန်လာရင် အအေးခန်းထဲ ချက်ချင်းဝင်ရောက်အနားယူတာ မျိုးရှောင်ကြဉ်ရန်၊ အပူထဲကပြန်လာရင် ချက်ချင်းရေချိုးတာမျိုးလည်း အထူးရှောင်ကြဉ်ရန် လိုအပ်ကြောင်းနှင့် အပူဒဏ်ကြောင့်ဖြစ်တတ်သောအကြောင်းအရာများ ကိုယ်ပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်ထက်တက်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊သတိမေ့မြောခြင်း၊ သွေးခုန်နှုန်းကျသွားခြင်း၊ တက်ခြင်း၊ အရေပြားခြောက်သွေ့ခြင်းတွေဖြစ်တတ်ကြောင်း စသည့်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

(အောက်ပုံ)

**အောင်စော်မင်း**




ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

# မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ နှောင်းတန်ခူး ဦးတန်ခူး၊ နှောင်းကဆုန် ဦးကဆုန်တို့အကြောင်း

ယခုနှစ် ၂၀၂၆ ခုနှစ်တွင် မြန်မာနှစ်ဆန်းတစ်ရက်သည် မြန်မာပြက္ခဒိန်တွက်နည်းအရ မည်သည့် မြန်မာနှစ်၊ လ၊ ရက်တွင် ကျရောက်ကြောင်းကို သိလိုပါ၍ ကျွန်တော်သည် ပြက္ခဒိန်ကြည့်ပါသည်။ ဧပြီလဇယားကွက်ကို ကြည့်ပါသည်။

ဧပြီ ၁၇ ရက်အကွက်ကို ကျွန်တော်ကြည့်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် ဧပြီ ၁၇ရက်တွင် ကျရောက်လေ့ရှိသည်ကို သိထားသောကြောင့် ဖြစ်ပါသည်။

'နှစ်ဆန်းတစ်ရက်နေ့ ဦးကဆုန်လဆန်း နှစ်'ဟု သုံးနှုန်းထားသည်ကို ဖတ်ရပါသည်။ နှစ်ဆန်းတစ်ရက်နေ့သည် ကဆုန်လဆန်း နှစ်ရက်နေ့၌ ကျရောက်ကြောင်း ဆိုလိုပါသည်။

ထို 'ဦးကဆုန်လဆန်း နှစ်ရက်'ကို ဖတ်ပြီးနောက် ကျွန်တော် သတိထားမိလိုက်ပါသည်၊ နှစ်ဆန်းတစ်ရက်နေ့သည် ကဆုန်လထဲမှာ ကျရောက်နေပါလား၊ နှစ်ဆန်းတစ်ရက်နေ့သည် တန်ခူးလထဲမှာ မကျပါလားဟု သတိထားမိခြင်း ဖြစ်ပါသည်။

ကျွန်တော် ဤသို့တွေးပါသည်။ မြန်မာပြက္ခဒိန်အရ မြန်မာနှစ်၏ နှစ်ဦးလ၊ ပထမလသည် တန်ခူးလ ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် တန်ခူးလထဲတွင်သာ ကျရောက်ရမည်ဟု ကျွန်တော် ယူဆထားပါသည်။ ယခုမူ ဒုတိယလဖြစ်သည့် ကဆုန်လထဲတွင် ကျရောက်နေပါသည်။

မြန်မာနှစ်ဆန်းတစ်ရက်သည် အစဉ်အမြဲ တန်ခူးလအတွင်း၌သာ ကျရောက်သည် မဟုတ်ကြောင်းကို ပြက္ခဒိန်ကိုကြည့်နေရင်း ကျွန်တော် နားလည်သဘော ပေါက်မိလိုက်ပါသည်။

၂၀၂၆ ခုနှစ် ဧပြီလ ၁၇ ရက်သည် ကဆုန်လဆန်း နှစ်ရက်ဖြစ်ပြီး ဤနေ့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကျရောက်ပါသည်။ 'ဦးကဆုန်လဆန်း နှစ်'ဟု သုံးနှုန်းထားပါသည်။

ဤနေ့၌ မြန်မာသက္ကရာဇ်(သို့မဟုတ်)ကောဇာ ခုနှစ်သည် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းပါသည်။ ထို့အတူ သာသနာတော်နှစ်သည်လည်း ၂၅၆၉ ခုနှစ်မှ ၂၅၇၀ ခုနှစ်သို့ ကူးပြောင်းပါသည်။ နှောင်းတန်ခူး၊ ဦးတန်ခူး၊ နှောင်းကဆုန်၊ ဦးကဆုန်တို့အကြောင်းကို ကျွန်တော် လေ့လာသဘောပေါက်မိသလို တင်ပြပါဦးမည်။ ၂၀၂၆ ခုနှစ် ဧပြီ ၁၇ ရက်သည် မြန်မာနှစ်သစ် ၁၃၈၈ ခုနှစ်၏ နှစ်ဆန်းတစ်ရက်နေ့ဖြစ်ပါသည်။

နှစ်သစ်၏ အစအဦး ရက်ဖြစ်သောကြောင့် 'ဦး' ဆိုသည့် ဝေါဟာရကိုယူ၍ 'ဦးကဆုန်လဆန်း နှစ်'ဟု ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

ဧပြီ ၁၆ ရက်၊ သင်္ကြန်အတက်နေ့ကို 'နှောင်းကဆုန်လဆန်းတစ်ရက်'ဟု ရေးသားဖော်ပြထားပါသည်။ ကဆုန်လဆန်း ရက်ချင်းအတူတူပင် ဖြစ်သော်လည်း နှောင်းကဆုန်လဆန်း တစ်ရက်၊ ဦးကဆုန်လဆန်း နှစ်ရက်ဟူ၍ နှောင်းနှင့် ဦးကို သုံးနှုန်း၍ ကွဲပြား စွာ ရေးသားဖော်ပြထားပါသည် ဧပြီ ၁၆ရက်၊ သင်္ကြန် အတက်နေ့သည် မြန်မာနှစ်သစ် ၁၃၈၈ မဆန်းမီ မြန်မာနှစ်ဟောင်း ၁၃၈၇ ခုနှစ်၏ အဆုံးပိုင်းရက်၊ နှောင်းရက် ဖြစ်ပါသည်။

သို့အတွက် နှောင်းကဆုန်လဆန်း တစ်ဟု သုံးနှုန်းထားခြင်း ဖြစ်ပါသည်။ ထို့အတူ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ကို နှောင်းတန်ခူး လကွယ်ဟု ဖော် ပြထားပါသည်။ စိတ်ဝင်စားစွာ သတိမူလေ့လာကြည့်ပါက သိရှိသဘောပေါက်နိုင်ပါသည်။

နှစ်သစ်မကူးမီ၊ နှစ်ဆန်းတစ်ရက်နေ့ မရောက်မီ တန်ခူးလ(သို့မဟုတ်)ကဆုန်လတို့၏ရက်တို့ကို နှောင်းရက်ဟု သတ်မှတ်ခေါ်ဝေါ်ပြီး နှောင်းတန်ခူး၊ နှောင်းကဆုန်ဟူ၍ ဖော်ပြပါသည်။ နှစ်သစ်ကူးပြီးနောက် နှစ်ဆန်းစ တန်ခူးလ (သို့မဟုတ်) ကဆုန်လတို့၏ ရက်တို့ကို ဦးရက်ဟု သတ်မှတ်ခေါ်ဝေါ်၍ ဦးတန်ခူး၊ ဦးကဆုန်ဟူ၍ ဖော်ပြပါသည်။ သိသာမြင်သာအောင် ဖော်ပြအပ်ပါသည်။

၂၀၂၆ ခုနှစ် မတ်လ ၁၇ ရက်သည် ၁၃၈၇ ခုနှစ် တပေါင်းလကွယ်နေ့ဖြစ်ပါသည်။ သို့ဖြစ်၍ မတ်လ ၁၈ ရက်နေ့သည် ပုံမှန်ဆိုလျှင် တန်ခူးလဆန်း တစ်ရက်ဟု သုံးနှုန်းရပါမည်။

သို့သော် နှောင်းတန်ခူးလဆန်း တစ်ရက်ဟု သုံးနှုန်းထားပါသည်။ ဧပြီလ ၁ ရက်နေ့တွင် နှောင်းတန်ခူး လပြည့်နေ့ဟု ဖော်ပြပါသည်။ ဧပြီလ နှစ်ရက်နေ့ကို နှောင်းတန်ခူးလဆုတ် တစ်ဟု သုံးနှုန်းပါသည်။ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ကို နှောင်းတန်ခူးလကွယ်ဟု ဖော်ပြပါသည် ဧပြီ ၁၆ ရက်၊ သင်္ကြန်အတက်နေ့ကို နှောင်းကဆုန်လဆန်း တစ်ဟု ရေးသားပါသည်။ မြန်မာနှစ် ၁၃၈၇ ခုနှစ်၏ နှောင်းပိုင်းရက်၊ နောက်ဆုံးနေ့ရက်ဖြစ်ပါသည်။ အထက်ပါရက်များကို ဖော်ပြရာတွင် နှစ်သစ်မရောက်သေး၍ နှောင်းကို သုံးနှုန်းထားပါသည်။

ဧပြီ ၁၇ ရက်သည် မြန်မာနှစ်သစ် ၁၃၈၈ ခုနှစ်၏ နှစ်ဆန်းတစ်ရက်နေ့ဖြစ်ပါသည်။ နှစ်သစ်နေ့မှစ၍ 'ဦး' ကို သုံးနှုန်းပါသည်။

သို့ဖြစ်၍ ဦးကဆုန်လဆန်း နှစ်ရက်ဟု သုံးနှုန်းထားခြင်းဖြစ်ပါသည်။ ယခင်ကဆိုလျှင် ကျွန်တော်သည် သင်္ကြန်ကာလနေ့ရက်များ၊ နှစ်ဟောင်းမှ နှစ်သစ်သို့ အကူးအပြောင်းအတွက် နေ့ရက်များကို ခရစ်နှစ်သုံး ပြက္ခဒိန်ရေတွက်နည်းဖြင့်သာ သိရှိမှတ်သားထားခဲ့ပါသည်။

နှစ်စဉ် သင်္ကြန်ရက်များကို ဧပြီ ၁၃ ရက်သည် အကြိုနေ့၊ ဧပြီ ၁၄ ရက်နေ့သည် အကျနေ့၊ ဧပြီ ၁၅ ရက်သည် အကြတ်နေ့၊ ဧပြီ ၁၆ ရက်သည် အတက်နေ့၊ ဧပြီ ၁၇ သည် နှစ်ဆန်းတစ်ရက် ကျရောက်ကြောင်းဟူ၍သာ မှတ်သားထားခဲ့ပါသည်။

ယခုဆိုလျှင် မြန်မာ့ရိုးရာဓလေ့အရ သင်္ကြန်ကာလနေ့ရက်များ၊ နှစ်ဟောင်းမှ နှစ်သစ်သို့ အကူးအပြောင်းအတွက် ပြက္ခဒိန်နေ့ရက်များကို ဖော်ပြရာတွင် နှောင်း၊ ဦး ဝေါဟာရတို့ဖြင့် ခွဲခြားသုံးနှုန်းထားခြင်း၊ လဆန်း၊ လပြည့်၊ လပြည့်ကျော်(သို့မဟုတ်)လဆုတ်၊ လကွယ်တို့ဖြင့် သုံးနှုန်းထားခြင်းကို သိရှိနားလည်သဘောပေါက်မိသည့်အတွက် လွန်စွာကြည်နူးမိပါသည်။

စိတ်ဝင်စား၍ လေ့လာမိပါသည်။ သတိမူမိပါသည်။ မြန်မာ ၁၂ လများ၏ နောက်ဆုံးလ တပေါင်း လကွယ်နေ့ပြီးပါက နှစ်သစ်၏ ပထမဦးဆုံးလ 'တန်ခူးလ လဆန်း တစ်ရက်'နေ့ ရောက်ရှိမည်ဖြစ်ပါသည်။

သို့ရာတွင် 'နှောင်းတန်ခူးလဆန်းတစ်ရက်' ဟု သုံးနှုန်းထားသည်ကို သတိမူမိပါသည်။ ထိုသို့ နှောင်း ကို သုံးနှုန်းဖော်ပြခြင်းအားဖြင့် နှစ်တစ်နှစ်၏ နှောင်းပိုင်းရက်များသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ နှစ်ဟောင်းကုန်တော့မည် ဖြစ်ကြောင်းကို သတိမူမိစေရန်ဟု မှတ်ယူမိပါသည်။

မိမိ၏ လူ့ဘဝသက်တမ်းသည်လည်း တစ်နှစ်ပြီး တစ်နှစ် ကုန်ဆုံး၍ လူ့အရွယ်နှောင်းပိုင်း သက်ကြီးရွယ်အိုဘဝသို့ မလွဲမသွေ အစဉ်မပြတ် ပြောင်းလဲ ရောက်ရှိရမည်ကို သတိမူ သံဝေဂရစေပါသည်။ တတ်နိုင်သမျှ လောဘ၊ ဒေါသ၊ မောဟတို့ကို နည်းပါးငြိမ်းသတ်စေခြင်းဖြင့် မိမိအသက်ရှင်သန်နေစဉ်တွင် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရန် သတိတရားဆောင်မိစေပါသည်။

ထို့အတူ ဦး ကိုသုံးနှုန်း၍ 'ဦးတန်ခူးလဆန်း' 'ဦးကဆုန်ဆန်း'ဟူ၍ ဖော်ပြခြင်းသည် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိနေပြီဖြစ်ကြောင်းကို အမှတ်ရ၊ အသိရစေပါသည်။

နှစ်စဉ်နှစ်တိုင်း နှစ်သစ်ရောက်ပါက မိမိ၏ စိတ်အညစ်အကြေး အဟောင်းအနွမ်းတို့ကို သန့်စင်သစ်လွင်စေပြီး စိတ်သစ်လူသစ်ဖြင့် မိမိကောင်းကျိုး၊ လောကကောင်းကျိုးနှစ်ဖြာကို ရှေးရှုဆောင်ရွက်သင့်ကြောင်း သတိကပ်နှိုးဆော်ပေးသကဲ့သို့ ဖြစ်စေပါသည်။

**စိုင်းအောင်မိန်း(မိုတိုင်း)**

## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုး ကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့်ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွှင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင်ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန (မတ်လ၊ ၂၀၂၆)

## အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အသင်းသားများအား စုဆောင်းငွေအပေါ် အတိုးများထုတ်ပေး



**မောက်မယ် ဧပြီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ငွေလမင်းဝန်ထမ်းပေါင်းစုံ ငွေစု ငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၅ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၂၆ခုနှစ် မတ် ၂၆ ရက်အထိ ခြောက်လအတွက် ဝန်ထမ်းများ စုဆောင်းငွေအပေါ် အတိုးများထုတ်ပေးခြင်းကို ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ထုတ်ပေးခဲ့သည်။

ထိုသို့ ထုတ်ပေးရာတွင် မြို့နယ်အတွင်းရှိ ငွေလမင်းဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အသင်းသားများ ဝန်ထမ်းပေါင်း ၄၂၀ ဦးအတွက် စုဆောင်းငွေကျပ် အတိုး ၁၄၉၉၃၅၀၀ အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခင်မြင့်ထွေးတို့က ဌာနဆိုင်ရာများအလိုက် တာဝန်ရှိသူများထံသို့ အသီးသီး ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ) မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့စာကြည့်တိုက်၌ ရေဆေးပန်းချီပြိုင်ပွဲကျင်းပ



**မြစ်သား ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိရှိအသုံးချပြီး ရေဆေးပန်းချီရေးဆွဲတတ်စေရန် ရည်ရွယ်၍ ရေဆေးပန်းချီပြိုင်ပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင်က ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် ရေဆေးပန်းချီပြိုင်ပွဲ ကျင်းပပေးခြင်းဖြင့် ကလေးငယ်များအနုပညာကို စိတ်ပါဝင်စားတတ်စေရန်၊ ပင်ကိုယ်စိတ်ကူးစိတ်သန်းများ မြင့်မားလာစေရန် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ ရေဆေးပန်းချီပြိုင်ပွဲဒိုင် ဦးဇော်ဇော်ဝင်းနှင့် ဦးဇော်သိန်းတို့က ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရေဆေးပန်းချီပြိုင်ပွဲအား ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့်ပြိုင်ပွဲဝင်များအား ရေဆေးပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲ၌ ဆုများကိုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) ဝါဝါမြင့်(မြစ်သား)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



**ကျောက်ဆည် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာန၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သဘာဝဘေးအန္တရာယ်အမျိုးအစားများအကြောင်း ဟောပြောခဲ့ပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းက လေပြင်းအန္တရာယ်ဖြစ်ပေါ်လာမည်ဆိုပါက ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လေပြင်းတိုက်ချိန်တွင်ပြုလုပ်ရန်အချက်များ၊ လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန်အချက်များအား အသိပညာပေးဟောပြောခဲ့ပြီး သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များအား ခင်းကျင်းပြသခဲ့ရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**ထက်ထက်(ကျောက်ဆည်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး

## နှစ်ဦးတေးသံ

\- - - - - - - - - - - - - -

* နွေအကူး
ပိတောက်ဖူးလေးတွေ
လေပြည်နဲ့မြူးပြီ။

* တစ်နှစ်ဆန်းရင်
ပိတောက်ပန်းတွေ
လန်းစမြဲ။

* ဟိုမှာ
တူးပို့ တူးပို့ည်
မြူးကြွတဲ့ တေးသံနဲ့
ဝိုင်းဖွဲ့လို့ ကနေကြပြီ။

* မိုးကလေး တစ်ပြိုက် နှစ်ပြိုက်
ခပ်စိုက်စိုက်ရွာသွန်းစဉ်
နွေရင်ခွင်မှာ
ကြင်နာဖို့
မင်္ဂလာပါလို့ ဆိုပါရစေ။

* ကဲ -----ချစ်သူတို့ရေ
အတာနှစ်ကူး
ပြေဖူးလ် နိမိတ်နဲ့
ပိတောက်ရိပ်မှာ
ချွေးသိပ်နားခို
နှစ်ဦးကိုကြို
သင်္ကြန်တေးတွေ ဆိုရအောင်။ ။

**သွယ်အောင်**




## လူငယ်ဘင်ခရာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ



**ကျောက်တလုံး ဧပြီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျောက်တလုံးကြီးမြို့၌ လူငယ်ဘင်ခရာ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ကျောက်တလုံးကြီး အခြေခံပညာအထက်တန်းကျောင်းတွင် ဧပြီ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့မိမြို့ဖဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အဖွင့်အမှာစကားပြောကြားပြီး အ.ထ.က ကျောက်တလုံးကြီး လူငယ်ဘင်ခရာအဖွဲ့က သရုပ်ပြဖျော်ဖြေ၍ ကျောင်းအုပ်ဆရာမကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်း ကော်မတီအဖွဲ့နှင့် သင်တန်းနည်းပြဆရာများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် မြို့မိမြို့ဖဥက္ကဋ္ဌက သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် လူငယ်ဘင်ခရာအခြေခံသင်တန်းကို မတ် ၄ ရက်မှ ဧပြီလ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၅၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့တွင် ပထမပြန်စာအောင်လက်မှတ်ဆက်ကပ်ပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပ

**ဟုမ္မလင်း ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာသင်တိုက်တွင် ယမန်နေ့ နံနက်ပိုင်းက ပထမပြန်စာ အောင်လက်မှတ်ဆက်ကပ်ပွဲနှင့် စာအောင်ဆုနှင်းသဘင်ကို ကျင်းပသည်။

ပထမပြန်စာအောင်လက်မှတ်ဆက်ကပ်ပွဲနှင့် စာအောင်ဆုနှင်းသဘင်တွင် ၂၀၂၅ ခုနှစ် အငယ်တန်းအောင်မြင်ခဲ့သည့် သံဃာတော်ခြောက်ပါး၊ အခြေပြုမူလတန်းအောင်မြင်ခဲ့သည့် သံဃာတော် ၁၂ ပါးတို့ကို စာအောင်လက်မှတ်ဆက်ကပ်ခြင်းဖြစ်သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဖွင့်လှစ်ခဲ့ပြီး ရတနာမြတ်သုံးပါးအား ရှိခိုးကန်တော့၍ ပထမပြန်စာမေးပွဲကျင်းပရေး ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ငါးပါးသီလနှင့် သြဝါဒခံယူကြသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်တွင် အငယ်တန်းအောင်မြင်ခဲ့သည့် သံဃာတော် ခြောက်ပါး၊ အခြေပြုမူလတန်းအောင်မြင်ခဲ့သည့် သံဃာတော် ၁၂ ပါးတို့အား ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အောင်လက်မှတ်နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဟုမ္မလင်း မြို့နယ်သာသနာရေးဦးစီးမှူးက အလှူရှင်များစာရင်းကို ဖတ်ကြားလျှောက်ထားပြီး တိပိဋကမင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဋိလ (နိုင်ငံတော်သံဃဝန်ဆောင်)က ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အနုမောဒနာတရား ချီးမြှင့်၍ ရေစက်သွန်းချ အမျှအတန်းပေးဝေပြီး ဆရာတော်၊ သံဃာတော်များနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား နေ့ဆွမ်းနှင့် ဝတ္ထုငွေများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၂၉၄)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ၈၄လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြားနေ ဦးတင်မောင်+ဒေါ်သန်းသန်းအေးတို့က (၆၉)နှစ်ပြည့်မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။ (ကဆ)

# ဆီထွက်သီးနှံ မိုးမြေပဲစိုက်ပျိုးရန် ထယ်ရေး၊ ထွန်ရေး ကြိုတင်ပြင်ဆင်

**ကျွန်းလှ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲစိုက်ပျိုးရန် ထယ်ရေး၊ ထွန်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ် မိုးရာသီ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနဲ့ နေကြာသီးနှံများ စိုက်ပျိုးကြမှာ ဖြစ်ပါတယ်။ အရင်နှစ်က မိုးမြေပဲ ငါးဧကစိုက်ပျိုးခဲ့ပြီး တစ်ဧကတင်း ၄၀ ကျော်ထွက်ရှိခဲ့ပါတယ်။ အခုအခါ မိုးမြေပဲစိုက်ပျိုးဖို့ ထယ်ရေး၊ ထွန်ရေးပြင်ဆင်နေကြပြီး မိုးရွာသွန်းတာနဲ့ စတင်စိုက်ပျိုးကြမှာဖြစ်ပါတယ်" ဟု ရှမ်းစုကျေးရွာမှ တောင်သူ ဦးသက်ဇော်က ပြောသည်။

အဆိုပါ မိုးမြေပဲစိုက်ပျိုးကြမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးကြမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)

# သရက်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင် ပြည်သူ့ဆေးရုံအောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချိုဆီချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)



# ညောင်ဦးခရိုင်၊ ဇီးအိုကျေးရွာ ဒေသခံပြည်သူများ သောက်သုံးရေ ပူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ ကျေးရွာနေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ယမန်နေ့က ညောင်ဦး မြို့နယ်၊ ဇီးအိုကျေးရွာသို့ သွားရောက်၍ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ဇီးအိုကျေးရွာရှိ ဒေသခံပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေဖူလုံစေရန် ရေဂါလန် ၃၂၀၀ အား အိမ်ထောင်စု လူဦးရေအလိုက် ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ (၄၄၅)



# ရတနာပုံတက္ကသိုလ်၌ မြန်မာ့နှစ်သစ်ကူးအကြို(တတိယအကြိမ်) စာချစာသင် သီလရှင်အပါး ၁၀၀ အား နေ့ဆွမ်းဆက်ကပ်ပွဲနှင့် သီလရှင်ဝတ်စုံလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဧပြီ ၉**

ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူး၍ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ အမှူးပြုသော ဒုတိယပါမောက္ခချုပ်များနှင့် သင်ကြား၊ စီမံပညာရေးမိသားစုများ စုပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ ချမ်းမြရံသီ ပရိယတ္တိသီလရှင်စာသင်တိုက်၌ သီတင်းသုံးတော်မူကြသည့် သာသနာ့အနွယ်ဝင် စာချစာသင် သီလရှင်အပါး ၁၀၀ အား မြန်မာ့နှစ်သစ်ကူးအကြို (တတိယအကြိမ်) နေ့ဆွမ်းဆက်ကပ်ပွဲနှင့် သီလရှင်ဝတ်စုံလှူဒါန်းပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ်ခမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပထမပိုင်း အခမ်းအနားတွင် ပုသိမ်ကြီးမြို့နယ်၊ ချမ်းမြရံသီ ပရိယတ္တိသီလရှင်စာသင်တိုက် ပဓာန နာယကဆရာကြီး ဒေါ်ခေမာစာရီ(ပထမကျော်၊ အဂ္ဂမဟာအကျော်၊ မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးရှိသော သီလရှင်အပါး ၁၀၀ တို့အား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယပိုင်း အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်၍ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသကထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သီလရှင်ဝတ်စုံနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် မဟာဂန္ဓာရုံကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသက အနုမောဒနာ တရားချီးမြှင့်ပြီး အလှူရှင်ဧည့်ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၈၂)

# မြန်မာ့ရိုးရာနှစ်ကူး အတာသင်္ကြန်အကြောင်း အသိပညာပေး Talk Show ကျင်းပ

**စစ်ကိုင်း ဧပြီ ၉**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မြန်မာ့ရိုးရာနှစ်ကူးအတာသင်္ကြန်အကြောင်း အသိပညာပေး Talk Show ကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စာဖြူထွန်းက အသိပညာပေး Talk Show ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်နွေရည်ကိုက မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်နှင့်အတူ အိမ်တိုင်းတွင် ထားရှိတတ်သော အတာအိုးနှင့် အတာအိုးထားရှိရသည့်အကြောင်းအရင်းနှင့် အတာအိုးတွင် ပါရှိသည့် ပန်းအမျိုးအမည်များ စသည့် အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ (အောက်ဝဲပုံ)




စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ အသိပညာပေး Talk Show အစီအစဉ်များကို စဉ်ဆက်မပြတ် ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

အေးငြိမ်းစံ(ပြန်/ဆက်)

# ကမ္ဘာ့ဖြစ်ပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာအတာသင်္ကြန်

(၈-၄-၂၀၂၆) စာမျက်နှာ-၁၄ မှ အဆက်

သို့ဖြင့် သိကြားမင်းသည် အကျနေ့တွင် လူ့ပြည်သို့ ဆင်းသည်၊ အတက်နေ့တွင် လူ့ပြည်မှ ပြန်သည် စသည်ဖြင့် ဆင့်ပွားဇာတ်လမ်းများပါ ထွက်ပေါ်လာတော့သည်။ နေနှင့် ကမ္ဘာလည်ပတ်ရာမှ ဆင်းသက်လာသောရာဇဝင် ယခုဇာတ်လမ်းမှာမူ ဗုဒ္ဓဝင်ကျမ်းများ၊ ဗေဒင်ပညာရပ်များနှင့် ဆက်စပ်ပေသည်။ ကမ္ဘာကြီးက နေကိုလှည့်ပတ်ခြင်းကို မိဿရာသီမှ စတင်ကြည့်လျှင် ပြိဿ၊ မေထုန်… မိန်ရာသီသို့ရောက်သောအခါ သူရိယသိဒ္ဓန္တကျမ်းအရ ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ပြည့်ကာ တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်စင်မှ မိဿရာသီအစ သုညအံသာသို့ဝင်သည်ဟု သတ်မှတ်ကာ နှစ်ဟောင်းကုန်ဆုံးကာ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည်ဟု ဆိုသည်။ သင်္ကြန်ကျသည်ဟု သတ်မှတ်သည်။ သို့သော် နှစ်သစ်သို့ အမှန်တကယ်ကူးသည့်အချိန်မှာ နောက်ထပ် ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်နှင့် ၄၀ စက္ကန့်ကြာမှ ဖြစ်သည်။

ထိုသို့ နေသွားလမ်းကို ၁၂ ရာသီခွင်နှင့် ညှိနှိုင်းတွက်ချက်ကာ လပြက္ခဒိန်သုံး မြန်မာတို့အတွက် တန်ခူးလအတွင်းတွင် သင်္ကြန်ကျရောက်လေသည်။ သဘာဝကျသည့်တစ်ခုမှာ တန်ခူးဟူသည့် ဝေါဟာရမှာ တာကူးမှ ဆင်းသက်လာခြင်းဖြစ်ပြီး တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်စင်မှ မိဿရာသီသို့ ကူးပြောင်းသည်ကို ရည်ရွယ်၍ ရှေးမြန်မာပညာရှိတို့က သတ်မှတ်အမည်ပေးခဲ့ခြင်းဖြစ်သည်။ နောက်ယူဆပုံတစ်မျိုးမှာ တန်(ဝါ)တန်းမှာ ထန်းဖြစ်၍ ခူးမှာ ခူးဆွတ်ခြင်း ဖြစ်သည်။

ထို့ကြောင့် ထန်းသီးခူးသောလဟုလည်း အဓိပ္ပာယ်ရောက်သည်။ ဗုဒ္ဓကျမ်းဂန်များအရ ထိုကာလတွင် ဘုရားရှင်၏ မယ်တော်ဘက်မှ အမျိုးများရှိသည့် ဒေဝဒဟပြည်မှ မင်းသား၊ မင်းသမီးများ ရေကစားသည့် ကာလဖြစ်သည်ဟုလည်းဆိုသည်။ (ဒေဝမှာ နတ်ဟူသော အဓိပ္ပာယ်သာမက မင်းသား၊ မင်းသမီးဟုလည်း အဓိပ္ပာယ်ရသည်။) ဘုရားရှင်လက်ထက် မတိုင်မီကပင် ထိုပူပြင်းသော မိန်ရာသီမှ မိဿရာသီသို့အပြောင်းတွင် ရေကစားလေ့ရှိသည်ဟုလည်းဆိုသည်။ယခုဇာတ်လမ်းများတွင်မူ သိကြားမင်းမပါတော့ပေ။ ဗုဒ္ဓဝင်နှင့် ဗေဒင်ကို ညှိနှိုင်းပြီး ရေကစားကြခြင်းသာ ဖြစ်သည်။

**နိုင်ငံတကာတွင် ကျင်းပလာခြင်း**

မြန်မာတို့နှင့် ယဉ်ကျေးမှုခြင်းတူညီသည့် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားတို့တွင် မည်သို့သော အစဉ်အလာမျိုးရှိသည်ကိုမူ အသေးစိတ် မသိရှိရသော်လည်း အလားတူသင်္ကြန်ပွဲများရှိသည်။ အမည်အားဖြင့် ထိုင်းတွင် ဆောင်ခရန် (Song kran)၊ လာအိုတွင် ပီမိုင်(Pimai)၊ ကမ္ဘောဒီးယားတွင် (Chaul Chnam Thmey) စသည်ဖြင့် အသီးသီး ခေါ်ဝေါ်ကြသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ တစ်နှစ်ဟူသော ကာလအပိုင်းအခြား၊ မြန်မာလူမျိုးတို့၏ သင်္ကြန်နှင့် ဟိန္ဒူအယူဝါဒသည်လည်းကောင်း၊ အခြားသောနိုင်ငံများ၏ သင်္ကြန်ပွဲများသည်လည်းကောင်း အနှစ်သာရ အတူတူပင် ဖြစ်သည်။

**သင်္ကြန် အကျ၊ အတက် တွက်ချက်နည်း**

သင်္ကြန်ကျပြီး ဖြစ်သော်လည်း နှစ်သစ်သို့ ချက်ချင်းမကူးသေးသည်မှာ အဘယ်ကြောင့်နည်း။ အတာပြည့်နှစ်ဟူသည် အဘယ်နည်းဆိုသော် သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သင္ကြတရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်သည်။ သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဟူ၍ ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ကျင်းပမြဲဖြစ်သော ၁၂ ရာသီပွဲတော်များတွင် သင်္ကြန်ရေသဘင်ပွဲတော်သည် အလွန်ကြီးကျယ်စည်ကားသော အမျိုးသားပွဲတော်တစ်ခုဖြစ်သည်။ ဤသင်္ကြန်ရေသဘင်ပွဲတော်သည် မည်သည့်လူမျိုးတို့၏ ယဉ်ကျေးမှုများမှ ဆင်းသက်လာသနည်း။ အဘယ်ကြောင့် သင်္ကြန်ကျချိန်၊ တက်ချိန်ဟု ဖြစ်လာသနည်း စသော အချက်အလက်များကို ဖြေဆိုရန်အတွက်မူကား သူရိယသိဒ္ဓန္တကျမ်း၊ သံဒိဋ္ဌကျမ်း စသော ဗေဒင်အတွက် ရိုးကျမ်းများကို လေ့လာရန် လိုအပ်ပေသည်။

နိုင်ငံ၏ အဓိကကိုးကွယ်သော ဗုဒ္ဓအယူဝါဒနှင့် တကွ အခြားသော ယဉ်ကျေးမှုဓလေ့ထုံးစံတို့သည်လည်း ဟိန္ဒူယဉ်ကျေးမှုဓလေ့ထုံးစံတို့နှင့် ရောထွေးကာ မြန်မာနိုင်ငံဘက်သို့ ရောက်ခဲ့ကြသည်။ ဤတွင် ဗေဒင်ပညာရှိ ပုဏ္ဏားတို့သည် မြန်မာဘုရင်များလက်အောက် ဝင်ရောက်အမှုထမ်း၍ သင်္ကြန်တွက်ရိုးကျမ်း၊ ဝေဒင်္ဂကျမ်း၊ အသီတိဓာတ်ကျမ်း စသည်တို့ဖြင့် မဟာသင်္ကြန်စာများထုတ်ကာ စီးပွားရှာခဲ့ကြ၏။

သင်္ကြန်၊ သင်္ကရာဇ် စသော အကြောင်းများနှင့် စပ်လျဉ်း၍လည်း သိကြားမင်းနှင့် ဗြဟ္မာမင်းတို့အချင်း ဖြစ်ပွား၍ ကဝိလမိုင်းဆရာထံ အဆုံးအဖြတ်ဝင်သည့် အခါ ဗြဟ္မာမင်းရှုံးသဖြင့် သိကြားမင်းက ဗြဟ္မာမင်း ဦးခေါင်းကိုဖြတ်၍ နတ်သမီးခုနစ်ဖော်အား အလှည့်ကျကိုင်ဆောင်စေသည့် အကြောင်းများပါရှိသော သင်္ကြန်သမိုင်းများကို ကြံဖန်ပြုလုပ်ခဲ့သည့်အပြင် သင်္ကရာဇ်ကို တည်၍ ခုနစ်ခုနှင့် စား၊ ရှစ်ခု စား၊ ၁၂ ခု စား သင်္ကြန်ဟောကိန်းများလည်း တီထွင်ခဲ့ကြသည်။

ဘုရားပိဋကတ်တော်၌ သင်္ကြန်ကျခြင်း၊တက်ခြင်း အကြောင်းများမပါချေ။ သီတင်းကျွတ်၊တန်ဆောင်မုန်းလများ၌ ကျင်းပလေ့ရှိသော နက္ခတ်ပွဲသဘင်များ အကြောင်းသာ ဖော်ပြထားလေသည်။ သို့သော် ကမ္ဘာပေါ်ရှိ လူမျိုးတို့သည် မိမိတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများအရ နှစ်ဆန်းရက်များ သတ်မှတ်ရပေမည်။ သိုးဆောင်းလူမျိုးများနှင့် ယင်းတို့၏ အယူဝါဒကို ကျင့်သုံးသော လူမျိုးအပေါင်းတို့သည် ဇန်နဝါရီ ၁ ရက် နှစ်ဆန်းရက်ဖြစ်၍ ဒီဇင်ဘာ ၃၁ ရက် ညဥ့်သန်းခေါင်မတိုင်မီအခါက နှစ်သစ်ကူးရက်ကြို ပျော်ရွှင်ပွဲများ ကျင်းပကြ၏။

အချို့ကလည်း ဘုရားကျောင်းများတွင် နှစ်ကူးအချိန်အခါ၌ ဆုတောင်းမေတ္တာများ ပို့သကြ၏။ ဤသည်ကိုလည်း သိုးဆောင်းနှစ်ကူးသင်္ကြန်ဟု ခေါ်ဆိုနိုင်သည်။ တရုတ်လူမျိုးများလည်း နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီလအတွင်း အကြီးအကျယ် ကျင်းပသကဲ့သို့ ဟိန္ဒူ-ဗင်္ဂါလီလူမျိုးတို့လည်း မတ်လအတွင်း မိမိတို့လူမျိုးအချင်းချင်း ဆွေးနီးရေများဖြင့် မေတ္တာရေစင်များ လောင်းကစားကြ၍ နှစ်ကူးသင်္ကြန်ပွဲတော်များ ပျော်ရွှင်စွာ ကျင်းပကြ၏။ နှစ်ဆန်းတစ်ရက်နေ့သည်လည်း အလားတူပင် ဖြစ်သည်။ မြန်မာလူမျိုးတို့၏ နှစ်ကူးသင်္ကြန်ပွဲသည်လည်း ဟိန္ဒူအယူဝါဒမှ ဆင်းသက်သော ဓလေ့အတိုင်း ရှေးယခင်ကာလများ၌ မိဘဆရာသမားများနှင့် သက်ကြီးဝါကြီးများကို သနပ်ခါးနံ့သာရေများ၊ သပြေခက်ကလေးများဖြင့် ကန်တော့ကြသည့် အလေ့အထရှိခဲ့ကြသည်။

သို့ရာတွင် ယခုခေတ်၌ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ အလွန်အကျူး အပြန်အလှန် ရေကစားမှုများ၊ အားကစားစိတ်ဓာတ်သဘောမျိုးဖြင့် အပြိုင်အဆိုင် စကားနိုင်သံချပ်များနှင့် ပျော်ရွှင်ပွဲသဖွယ် ဆင်နွှဲမှုများ ဖြစ်လာခဲ့သည်။ ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက် မိဖုရားစောလုံနှင့် ရေပက်ကစားရာတွင် ဘုရင်က အကျီစားလွန်သဖြင့် စောလုံ စိတ်ဆိုးကာ ဘုရင်ကိုသေကြောင်းကြံသောကြောင့် စောလုံကွပ်မျက်ခံရသည်ဟူသော ဖြစ်ရပ်အရ သင်္ကြန်ရေကစားသည့် အလေ့သည် ပုဂံခေတ်ကပင်ရှိခဲ့ပြီဟု မှတ်ယူဖွယ်ရှိသည်။ အတာသင်္ကြန်တစ်ကြိမ်မှ နောက်တစ်ကြိမ်ကာလသည် တစ်နှစ်တာ အပိုင်းအခြားကာလ ဖြစ်သည်။

စကြဝဠာအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများတွင် သူရိယနေမင်းကိုဗဟိုပြု၍ လှည့်လည်သွားသည့်အခါ တစ်ပတ်မြောက်ကာလသည် တစ်နှစ်အပိုင်းအခြားကာလဖြစ်သည်။ ယင်းကာလ အပိုင်းအခြားသည် ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ဖြစ်၏။ ဤသချာကိန်းသည် သူရိယသိဒ္ဓန္တကျမ်းတွင် ဖော်ပြချက် စတုယုဂ်နှစ်ပေါင်း ၄၃၂၀၀၀၀ တွင် သာဝရရက်ပေါင်း ၁၅၇၇၉၁၇၈၂၈ မှ တွက်ရသော အချိန်ကာလဖြစ်၏။ အနောက်နိုင်ငံ ခေတ်သစ်နက္ခတ်ပညာကျမ်းများအရ ရာသီနှစ်တစ်နှစ်လျှင် ၃၆၅ ရက် ၅ နာရီ ၄၉ မိနစ် ၄၆ စက္ကန့် ဖြစ်၏။

ယင်းကဲ့သို့လှည့်လည်ရာ နေသွားလမ်းစက်ဝိုင်းတွင် ရာသီ ၁၂ ပိုင်း ပိုင်းခြား၍ ပထမမိဿရာသီအစ သုညအံသာသည် အဿဝဏီနက္ခတ်နှင့် တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ် ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်ကျ၏။ အိန္ဒိယလူမျိုးတို့သည် ဤအချိန်အခါမှစ၍ နှစ်သစ်ဆန်းချိန်ယူလေသည်။ ဗေဒင်တွက်ရိုးကျမ်းများတွင် ရဝိမဇ္ဈဂြိုဟ်သွမ်းနှင့် ရဝိဖုဋ္ဌဂြိုဟ်စင်ဟူ၍ တနင်္ဂနွေနေမင်း၏ သွားရာလမ်းကို ဌာနအားလျော်စွာ ခွဲခြား၍ ခေါ်ဝေါ်ကြ၏။ သူရိယသိဒ္ဓန္တကျမ်းများကို ကျွမ်းကျင်သူတို့သာလျှင် ခွဲခြားသိနိုင်၏။ သာမန်လူများကား ထိုကျမ်းကို မလိုက်စားဘဲ သိနိုင်ရန် ခဲယဉ်းပေသည်။ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်သည် မျက်မြင်တနင်္ဂနွေဂြိုဟ်သွား၏ ရာသီအံသာ စသည်ဖြစ်၏။ ဤရာသီအံသာ စသည်များကို တနင်္ဂနွေရဝိမဇ္ဈဂြိုဟ်သွမ်း၏ ရာသီအံသာ စသည်မှ တွက်ရ၏။

ထို့ကြောင့် တနင်္ဂနွေရဝိမဇ္ဈဂြိုဟ်သွမ်းသည် သင်္ကေတအားဖြင့် ၁၂ ရာသီတွင် မှန်မှန်ပျမ်းမျှ၍ သွားသော ရာသီအံသာတို့ဖြစ်၏။ တစ်ဖန် သူရိယနေမင်း၏ ဗဟိုချက်နှင့် အဝေးဆုံး တနင်္ဂနွေ၏ မန္ဒဥစ်ဂြိုဟ်သည်လည်း တဖြည်းဖြည်း ရွေ့လျားလျက်ရှိသော ရာသီအံသာ စသည်ကို အကြောင်းပြု၍ မိဿရာသီသို့ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်ရောက်သည့်ကာလနှင့် တနင်္ဂနွေရဝိမဇ္ဈဂြိုဟ် သွမ်းရောက်သည့် ကာလအပိုင်းအခြားတစ်ခု ဖြစ်ပေါ်လာ၏။

ယင်းကာလအပိုင်းအခြားသည် ယခုအခါ တနင်္ဂနွေ၏ မန္ဒဥစ်ဂြိုဟ်သည် မေထုန်ရာသီ ၁၇ အံသာ ၁၇ လိတ္တာ ၃၃ ဝိလိတ္တာ ၁၂ အနု လိတ္တာသို့ ရောက်ဆဲဖြစ်၍ မိဿရာသီသို့ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်ရောက်ပြီး နောက်နှစ်ရက် ၄ နာရီ ၄ မိနစ် စက္ကန့် ၄၀ ကြာပြီးသကာလ တနင်္ဂနွေရဝိမဇ္ဈဂြိုဟ်သွမ်း ရောက်၏။ (ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြက္ခဒိန်အကြံပေးအဖွဲ့မှ တွက်သောကိန်းဖြစ်၏။ သံဒိဋ္ဌကျမ်း၏ကိန်းမှာ ၂ ရက် ၄ နာရီ ၁ မိနစ် ၁၂ စက္ကန့်ဖြစ်၏) တနင်္ဂနွေ၏ မန္ဒဥစ်ဂြိုဟ်သည် အလွန်အသွားနှေး၏။ နှစ်ပေါင်း ၁၀၀ လျှင် ၁၁၀ လိတ္တာ ၃၇ အနုလိတ္တာသာ သွား၏။ ဥပမာအားဖြင့် ၁၉၆၂ ခုနှစ် ဧပြီ ၁၃ ရက်၊ သင်္ကြန်ကျရက် ၁၄ ရက်၊ သင်္ကြန်အကြတ်ရက် ၁၅ ရက်၊ ၁၆ ရက် သင်္ကြန်တက်ရက် မြန်မာ ဗေဒင်ကျမ်းများ၌ တနင်္ဂနွေဂြိုဟ်သည် တစ်နှစ်တစ်ကြိမ် မိဿရာသီသို့ ဝင်သောအခါ၌ မိဿသင်္ကြန်ခေါ်၏။

အနောက်နိုင်ငံ သိုးဆောင်းလူမျိုးတို့၏ နိုင်ငံရေးဟောကိန်းများ၌လည်း မတ် ၂၁ ရက်နေ့ သာယနရဝိ မိဿရာသီဝင် ဇွန် ၂၁ ရက် သာယနရဝိကြဋ္ဌရာသီဝင် စက်တင်ဘာ ၂၃ ရက် သာယနရဝိတူရာသီဝင် ဒီဇင်ဘာ ၂၂ ရက် သာယနရဝိမကာရရာသီဝင် စသော အချိန်များဖြင့် ဒွာရလေးခွင် သင်္ကြန်ဝင်ဟောကိန်းများကို ရာသီ၏ နှစ်စဉ်ဂြိုဟ်သွားပြက္ခဒိန်နှင့် ဟောကိန်းစာအုပ်တွင် ဖော်ပြလေ့ရှိ၏။ သို့ရာတွင် ဗေဒင်လောကတွင် သင်္ကြန်မည်သည် တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်ရာသီများသို့ ဝင်ချိန်ဖြစ်၏။

**သင်္ကြန်၏ ရိုးရာဓလေ့များ**

သင်္ကြန်နှင့်ပတ်သက်သော သမိုင်းအချက်အလက်များ မည်သို့ပင် ကွဲပြားစေကာမူ လက်ရှိအချိန်တွင် ပိတောက်ပန်းများပွင့်သည့် တန်ခူးလတွင် ကျင်းပသည့် အတာသင်္ကြန်ရေသဘင်ပွဲတော်ကို မြန်မာနိုင်ငံတွင် အစည်ကားဆုံးနှင့် အကြီးကျယ်ဆုံး အခမ်းအနားဆုံး မြန်မာနှစ်သစ်ကူးပွဲတော်တစ်ခုအဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသည်။ မဏ္ဍပ်များတွင် သင်္ကြန်ယိမ်းများဖြင့် လှပျိုဖြူများ စည်းဝါးညီကာလှပစွာ ကပြဖျော်ဖြေကြသည်။ မုန့်လုံးရေပေါ်များကျွေးခြင်း အလေ့အထမှာ ကျေးလက်မြို့ပြမကျန် ကျင့်သုံးလျက်ရှိသည်။ မုန့်လုံးရေပေါ်ထဲတွင် အစာသွတ်ထည့်ထားသော ထန်းလျက်ခဲအစား ငရုတ်သီးတောင့်များ ထည့်သွင်းကာ စားချင်စဖွယ် မုန့်လုံးရေပေါ်များထဲတွင် ရောနှောကျွေးတတ်သည်မှာလည်း ချစ်စရာအလေ့အထတစ်ခုဖြစ်သည်။ ရှေးယခင်ကာလများတွင် သပြေခက်နှင့် ငွေဖလားကို အသုံးပြုကာ ရေကစားကြသည်ဟု အဆိုရှိခဲ့သော်လည်း ယနေ့အခါတွင်မူ ရေသေနတ်များနှင့် ရေပိုက်များအသုံးပြုကာ အတာရေသဘင်ပွဲတော်ကို ခေတ်နှင့်အညီ မဏ္ဍပ်များ တည်ဆောက်၍ ကြီးကျယ်ခမ်းနားစွာ ကျင်းပဆင်နွှဲလျက်ရှိကြသည်။ သင်္ကြန်ရေသဘင်ပွဲတော်သည် တောရွာမြို့ပါမကျန် အုန်းအုန်းကျွက်ကျွက် ပျော်ရွှင်ကြသည့်ပွဲတစ်ခုလည်း ဖြစ်သည်။ အချို့မြို့များတွင် အိုးမည်းသုတ်ခြင်းမှာလည်း ပျော်ရွှင်ဖွယ် ချစ်စရာကောင်းသည့် အလေ့အထ တစ်ခုဖြစ်သလို တောရွာများနှင့် အချို့မြို့များတွင် မိန်းကလေးအားရေလောင်းခွင့်တောင်းကာ ရေလောင်းရေပက်သည့် မြန်မာ့ဟန်ကိုလည်း တွေ့ရသည်။

သင်္ကြန်ကာလတွင်း ဥပုသ်သီလဆောက်တည်ကာ တရားဘာဝနာပွားများသူများရှိသကဲ့သို့ ရေကစားသူများကလည်း ရေကစားသူများအလျောက် ရေပက်ခံသူ၊ ရေလောင်းရေပက်သူများနှင့် စည်ကားလှသည်။ ကိုယ်လေးလက်ဝန်နှင့် မပေါ့မပါး အမျိုးသမီးများ၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ဘာသာရေးပုဂ္ဂိုလ်များ (ဘုန်းကြီး၊ ရဟန်း၊ သီလရှင်၊ ဥပုသ်သည်)ကို ရေပက်ခြင်းမှ ရှောင်ကြဉ်ကြသည်မှာ ချစ်စရာကောင်းသည့် လက်ရှိအချိန် အတာသင်္ကြန်ကာလ ကျင်းပပုံဖြစ်သည်။

အချို့သော မြို့ကြီးများ၌ မဏ္ဍပ်များတည်ဆောက်၍ ရေကစားကြရာတွင် ယခင်က သင်္ကြန်ယိမ်းအကအလှများအစား ခေတ်ပေါ်တေးဂီတများဖြင့် မလုံမခြုံ အဝတ်အစားများ ဝတ်ဆင်ကာ ဖော်ချွတ်ကပြဖျော်ဖြေသည်တို့ကိုလည်း ယခုအခါ တွင်တွင်ကျယ်ကျယ် တွေ့မြင်လာရပြီ ဖြစ်သည်။ ခေတ်ဟောင်းငွေဖလားနှင့် သပြေခက်ယဉ်ကျေးမှုများ၊ ခေတ်သစ်ဂီတအက အလှယဉ်ကျေးမှုများဖြင့် ရောထွေးလျက်ရှိသော်လည်း သင်္ကြန်သည် မြန်မာပြည်သူ၊ပြည်သားတိုင်း ပျော်ရွှင်ရသည့် အကြီးအကျယ်အခမ်းနားဆုံး မြန်မာ့နှစ်သစ်ကူးပွဲတော်တစ်ခုပင် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် သင်္ကြန်ဆိုသည်မှာ ရေပက်ကစားရင်း ပျော်ရွှင်ကြသည့် အခါသမယတစ်ခုဖြစ်သလို နှစ်ဟောင်းမှနေ၍ နှစ်သစ်ကို ကူးပြောင်းသည့် ဘာသာရေး၊ လူမှုရေး ဓလေ့ထုံးတမ်းများစွာနှင့်လည်း ပြည့်နေသည့်နှစ်ဟောင်းမှာ ရှိခဲ့သော အညစ်အကြေးများနှင့် မကောင်းသည့် စိတ်များကို အတာရေနှင့်အတူ ဆေးကြောပြီး စိတ်သစ်၊ ကိုယ်သစ်နှင့် နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ရေးသားတင်ပြလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄) တွင်တည်ရှိသော ဦးပိုင်အမှတ်(၃၇)၊ ဧရိယာဧက(၀ ဒသမ ၀၃၇၆)အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်သဲစုအောင်(၉/ခအဇ(နိုင်)၀၄၃၄၉၂)၊ ဒေါ်ခင်သွယ်မြင့်(၅/မရန(နိုင်)၀၁၃၉၈၉)၊ ဒေါ်စိန်စိန်(၉/အမရ(နိုင်)၀၀၉၉၆၁)၊ ဒေါ်ဆွေမြင့်(၉/မရမ(နိုင်)၀၄၆၁၉၃)၊ ဦးကျော်မိုး(ခ)ဦးစန်းရွှေသိန်း(၁၂/ဗတထ(နိုင်)၀၂၂၅၆၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** 　　 **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** 　　 **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ 09-2070007၊ 09-792070007 ၊ 09-43250000**

---

**မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မောဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၆)၊ ဦးပိုင်အမှတ်(၅၈-အ)၊ ဧရိယာ(၀ ဒသမ ၀၂၂၄)ဧက အကျယ်အဝန်းရှိသော ဦးလှမောင် အမည်ပေါက်ဘိုးဘပိုင်မြေကွက်၏ အရှေ့ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၁၁၂)ဧက အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို(၁၀-၆-၂၀၁၄)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါအမှတ်(၂၉၁၂/၂၀၁၄)အရ တရားဝင် ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါက်တာထွန်းလင်းကျော်(ဘ)ဦးထွန်းအောင်ကျော်(၁၂/မဂတ(နိုင်)၀၉၁၁၆၁)၊ (၂)ဒေါ်အေးအေးဇော်(ဘ)ဦးဇော်လတ်(၉/ခအဇ(နိုင်)၀၁၃၅၅၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄) တွင်တည်ရှိသော ဦးပိုင်အမှတ်(၄၉)၊ ဧရိယာဧက(၀ ဒသမ ၀၃၀၈)အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အေးအေးရီ(ခ)ဒေါ်ဝိုး(၅/စကန(နိုင်)၀၀၈၃၁၅)၊ ဒေါ်စန်းရင်(၉/မရမ(နိုင်)၀၃၀၄၆၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** 　　 **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** 　　 **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ 09-2070007၊ 09-792070007 ၊ 09-43250000**

---

**မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၁၅)၊ ဦးပိုင်အမှတ်(၁၀၆-ည)၊ ဧရိယာ(၀ ဒသမ ၀၂၃၄)ဧက အကျယ်အဝန်းရှိသော ဒေါ်သိန်းသိန်းဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ အရှေ့ဘက်ခြမ်း ဧရိယာ(၇ ပေ × ၄၉ ပေ ၆ လက်မ)အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်၊ မြောက်ဘက်ခြမ်းဧရိယာ(၁၅ ပေ × ပေ ၂၀) အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်(၂)ကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးကျော်ကျော်ထွန်း(ဘ)ဦးဘိုဝင်း(၉/မနမ(နိုင်)၀၀၅၉၉၈)၊ (၂)ဒေါ်သိန်းသိန်းဦး(ဘ)ဦးမောင်ချယ်(၉/မနမ(နိုင်)၁၂၃၁၈၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

---

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၇၀၁)၊ ရန်မျိုးလုံရပ်ကွက်၊ ၃၄လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားနေ ဦးကျော်ဝင်းစိန်(၉/မရတ(နိုင်)၀၇၆၇၂၇)သည် ဇနီးဖြစ်သူ ဒေါ်တင်ငွေးနှင့် အိမ်ထောင်ကျ၍ ၁။ဒေါ်စုစု၊ ၂။ဦးသိန်းဝင်း၊ ၃။ဦးမြင့်အောင်၊ ၄။ဦးကျော်ထွန်း၊ ၅။ဒေါ်မြင့်မြင့်ငွေးတို့ သားသမီး(၅)ဦးအား မွေးဖွားခဲ့ပါသည်။ အဆိုပါ သားသမီးများထဲမှ သားတစ်ဦးဖြစ်သူ ဦးကျော်ထွန်း(၉/မရတ(နိုင်)၁၁၃၁၁၄)သည် မိခင်ဖြစ်သူ ဒေါ်တင်ငွေး ကွယ်လွန်သွားပြီးနောက် ဖခင်ဖြစ်သူ ကျွန်တော် ဦးကျော်ဝင်းစိန် သက်ရှိထင်ရှားရှိပါလျက် အမွေခွဲဝေစီမံပေးပါရန်နှင့် စီမံဆောင်ရွက်မပေးပါက တရားရုံးတော်တွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်းကို ကျွန်တော့်ထံသို့ အသိပေးအကြောင်းကြားစာနို့တစ်(Notice)ပေးပို့ခဲ့ပါသည်။ သို့ဖြစ်ပါသောကြောင့် ကျွန်တော် ဦးကျော်ဝင်းစိန် သက်ရှိထင်ရှားရှိလျက် အမွေခွဲဝေတောင်းခံသဖြင့် ယနေ့အချိန်မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်းစိန်(ဘ)ဦးညို (၉/မရတ(နိုင်)၀၇၆၇၂၇)**
**အကွက်(၇၀၁)၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-စ)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးကျော်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေစိုက်ထရံကာအိမ်၊ ရေ+လျှပ်စစ်မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားကြပြီး စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်ဇောနိုင်(ဘ)ဦးမောင်အေး(၁/ဟပန(နိုင်)၀၁၂၄၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးငွေအောင် (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးလှဝေ (BA. H.G.P)** — **အထက်တန်းရှေ့နေ**
**ဦးနိုင်လင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးအောင်ဇော်မြင့် (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးမင်းချစ်သူ (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်စာခြည်ဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ခင်ပြုံးဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**အကွက်(နန-၃၀/၁)၊ (စ)ရပ်ကွက်၊ ၅၅လမ်းနှင့် မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၂၆၈၀၈၅၈၁၊ ၀၉-၇၉၇၄၉၀၆၁၀**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၈)တွင်တည်ရှိသော ဦးပိုင်အမှတ်(၅၁) အတွင်းမှ တောင်ဘက်ခြမ်း(ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်သက်နိုင်(၈/မလန(နိုင်)၀၈၃၃၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးလှမိုး(ဥပဒေဘွဲ့)** 　　 **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** 　　 **တရားလွှတ်တော်ရှေ့နေ**

**အိမ်အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ 09-2070007၊ 09-792070007 ၊ 09-43250000**

---

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၆)၊ ဦးပိုင်အမှတ်(၁၅)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ တပင်ရွှေထီးလမ်းနှင့် ရွှေလုံဗိုလ်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၅၂/၂၀၁၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လွင်မူစိုး(၁၄/ဘကလ(နိုင်)၁၇၇၀၂၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၉၄၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ထွန်းလေး(၁/မကန(နိုင်)၀၉၈၈၉၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**အသက်**
**သည်သွေး**
**သွေးသည်**
**အသက်။**

❖ နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။

## မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေမှု (၈)ရက် ခေတ္တရပ်နားမည်

**မန္တလေး ဧပြီ ၉**

မန္တလေးနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၂ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၉ ရက် (တနင်္ဂနွေနေ့)အထိ (၈)ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက် (တနင်္လာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

# သင်္ကြန်ပိတ်ရက်ရှည်ကာလ ငွေဆောင်၊ ချောင်းသာ ဟိုတယ်များတွင် ၇၅ ရာခိုင်နှုန်းခန့် အခန်းများ ကြိုတင်မှာယူထား

**ရန်ကုန် ဧပြီ ၉**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ဝင်ရောက်မည့် မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပိတ်ရက် ကိုးရက်တာအတွင်း ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဖြစ်သည့် ငွေဆောင်နှင့် ချောင်းသာ ကမ်းခြေတို့တွင် အပန်းဖြေအနားယူရန် ဟိုတယ်နှင့်တည်းခိုခန်း ၇၅ ရာခိုင်နှုန်းခန့်အား ကြိုတင်စာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများတည်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက လိုင်စင်ထုတ်ပေးထားသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၂၆ လုံး၊ အခန်းပေါင်း ၅၄၇၅ ခန်း၊ စည်ပင်သာယာမှ လိုင်စင်ထုတ်ပေးထားသည့် တည်းခိုခန်းပေါင်း ၄၄၃ လုံး၊ အခန်းပေါင်း ၆၈၁၃ ခန်းရှိရာ ဧရာဝတီတိုင်းဒေသကြီး၌ ဟိုတယ်၊ တည်းခိုရိပ်သာနှင့်တည်းခိုခန်းပေါင်း ၅၀၆၉ လုံးတွင် အခန်းပေါင်း ၁၂၀၈၈ ခန်း၌ သင်္ကြန်ကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်အေးချမ်းပျော်ရွှင်စွာ တည်းခိုနိုင်ရန် အသင့်ဖွင့်လှစ်ထားကြောင်း သိရသည်။

စာမျက်နှာ ၆ သို့ ❖





## ဗယ်လက်ကာနိုအသင်းက AEK အေသင်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူ

**မက်ဒရစ် ဧပြီ ၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီ ၁၅မိနစ်က စပိန်လာလီဂါကလပ် ဗယ်လက်ကာနိုအသင်းနှင့် ဂရိကလပ် AEK အေသင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗယ်လက်ကာနိုအသင်းက AEKအေသင်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗယ်လက်ကာနိုအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂မိနစ်တွင် အာခိုမက်ချ်၊ ပွဲချိန် (၄၅+၂)မိနစ်တွင် ယူနိုင်းလိုပက်ဇ်၊ ပွဲချိန် ၇၄မိနစ်တွင် ပလာဇွန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဗယ်လက်ကာနိုအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယကျော့ပွဲစဉ်ကို လာမည့် ဧပြီ ၁၇ ရက်တွင် AEKအေသင်အသင်းနှင့် အိမ်ကွင်းတွင် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။(NGB)

# မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သည့် ရောဂါများအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အဆင်သင့်ကြိုတင်ပြင်ဆင်ထားရှိ

**မန္တလေး ဧပြီ ၉**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သည့် ရောဂါများအား အချိန်နှင့် တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အဆင်သင့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုများနှင့်အတူ အပူဒဏ်ကြောင့် ရောဂါဝေဒနာခံစားခဲ့ရသည့် လူနာများ ရောက်ရှိလာပါက လူနာ၏ အချက်အလက်မှန်ကန်ရေးလုပ်ငန်းစဉ်နှင့် ကုသမှုအပိုင်း အဆင်ပြေ ချောမွေ့စေရေးလုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း ၎င်းကပြောသည်။

"အပူဒဏ်ခံစားခဲ့ရတဲ့ လူနာတွေရောက်ရှိလာရင် အရေးပေါ် ကုသမှုပေးနိုင်ရန် အတွက် အရေးပေါ်ဌာနမှာ လိုအပ်တဲ့ ဆေးနဲ့ဆေး ပစ္စည်း၊ ရေခဲ၊ တဘက်၊ စောင်တွေ ပြည့်စုံလုံလောက်မှုရှိအောင် ဆောင်ရွက်ထားရှိပါတယ်။ အရေးပေါ်ကုသမှုပြီးရင် medical observation မှာ အဲကွန်းများတပ်ဆင်ထားတဲ့ Heat Stroke Corner သီးသန့်ခန်းမှာ ခုတင်နဲ့လိုအပ်တဲ့ ဆေးနဲ့ဆေး ပစ္စည်းတွေ ပြည့်စုံအောင် စုစည်းရပါတယ်။ Heat Stroke Corner မှာ လူနာတွေ သက်သာလာပြီဆိုရင် ဖျားနာကုသဆောင်မှာ ဆေးကုသမှုတွေကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့သိရပါတယ်။

နောက်ပြီး အပူဒဏ်ခံစားရတဲ့ သူတွေအတွက် ကုသမှုအပိုင်းမှာ လိုအပ်တဲ့ပစ္စည်းတွေ အဆင်သင့်ရရှိစေဖို့ ချိတ်ဆက်ဆောင်ရွက်ရပါတယ်။ လူနာတွေအတွက်လည်း ခုတင်တွေ သေချာလေးစီစဉ်ထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ပြည့်စုံလုံလောက်မှုရှိအောင်လည်း ကြိုတင်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ထားပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် လူနာများအား စနစ်တကျကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးကုသရေးအပိုင်းတွင်လည်း ဆေးရုံအုပ်ကြီး ခေါင်းဆောင်၍ သက်ဆိုင်ရာ ပါမောက္ခ၊ ဌာနကြီးမှူးများ ပါဝင်သည့် အဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပြီး ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်၍လည်း လိုအပ်ချက်များ ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အဓိကတော့ အပူဒဏ်ကာကွယ်ရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေးနိုင်ဖို့ ဆောင်ရွက်ပါတယ်။ ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ ဖြစ်ပွားလာရင်လည်း သေဆုံးမှုနည်းအောင် ကုသမှုကို စနစ်တကျဆောင်ရွက်ပါတယ်။ လက်တလောတော့ အပူဒဏ်ကြောင့် ရောဂါခံစားရပြီး ရောက်ရှိလာတဲ့ လူနာတစ်ဦးပဲရှိပါတယ်။ ဖျားနာကုသဆောင်မှာ ကုသမှုတွေဆောင်ရွက်ပေးနေပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ပြောသည်။

အဆိုပါ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာသည့် ရောဂါများသည် ပူပြင်းသည့် ကာလများဖြစ်သည့် ဧပြီလနှင့်မေလများတွင် အများဆုံး ဖြစ်ပွားတတ်ပြီး ရောဂါမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အပူဒဏ်ကာကွယ်ရေးအတွက် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို မှတ်သားထားရှိရန် လိုအပ်ကြောင်းနှင့် ရောဂါလက္ခဏာများဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ဆေးရုံများရှိ အရေးပေါ်ဌာနသို့ အချိန်မီရောက်ရှိလာမည်ဆိုပါက အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး ကုသပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀

